မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၆၇)

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း

- ဖြူးမြို့ အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်၌ တည်ဆောက်လျက်ရှိ၊
- တမံအလျား ပေ ၁၂၆၀၊ အမြင့် ပေ ၂၄၀ ရှိသည့် ကျောက်ဖြည့်တမံဖြစ်၊
- လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ရရှိမည်ဖြစ်ပြီး ဧက ၁၁၀၀၀၀ ခန့်ကိုလည်း စိုက်ပျိုးရေပေးဝေနိုင်မည်။

ဆည်တမံစီမံကိန်းလုပ်ငန်းများ အချိန်စောပြီးနိုင်သမျှပြီးစီးရန်လိုအပ်
လုပ်ငန်းများတစ်ပြိုင်တည်းပြီးစီးအောင် စနစ်တကျတာဝန်ခွဲဝေတည်ဆောက်
လျှပ်စစ်ပစ္စည်းများ ပြည်တွင်းမှာပင် ဖြစ်နိုင်သမျှတီထွင်ထုတ်လုပ်နိုင်အောင်ကြိုးပမ်း

ရန်ကုန် မတ် ၁၅

ပဲခူးတိုင်း တောင်ငူမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မတ် ၁၄ ရက် နံနက် ၉ နာရီခွဲတွင် တောင်ငူမြို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမဆောင်၌ တောင်ငူတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများအား တွေ့ဆုံမှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မတ်လ ၁၆ ရက်)

နိုင်ငံတော်၏ ရေမြေသယံဇာတများကို အပြည့်အဝအသုံးချ ဒေသပိုမိုတိုးတက်သည်ထက် တိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းနိုင်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်ရာ၌ လုပ်ငန်းစဉ်အားလုံးအောင်မြင်စေရန် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူအားလုံး တက်ညီလက်ညီ ပူးပေါင်းလက်တွဲဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ပြည်ထောင်စုကြီး၏ ပြည်နယ်၊ တိုင်းအသီးသီး၌ ပြည်သူများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုံခြုံအေးချမ်းစွာဖြင့် ဒေသမရွေး၊ အချိန်မရွေး သွားလာဆောင်ရွက်နိုင်ကြပြီဖြစ်၍ နိုင်ငံတော် တစ်ဝန်းလုံးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်နေရသည်။ စီးပွားရေးအခြေအနေကောင်းများ ဖြစ်ထွန်းလာသည်နှင့်အမျှ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်ကဏ္ဍများလည်း မြင့်မားတိုးတက်လျက် ရှိသည်။

ဆက်လက်၍ နိုင်ငံတော်၏ ရေမြေသယံဇာတ အရင်းအနှီးများကို တန်ဖိုးမြှင့်တင် အသုံးချနိုင်ရန် နိုင်ငံတော်၏ဦးဆောင်မှု၊ အမြော်အမြင်ရှိရှိ ပံ့ပိုးဖြည့်ဆည်းပေးမှုများကို ပြည်သူများက နားလည်သိမြင်ပြီး တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်၏ အခြေအနေသည် ယခုထက် သိသိသာသာ တိုးတက်ပြောင်းလဲလာမည် ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မတ်လ ၁၃ရက်နေ့က ပဲခူးတိုင်း တောင်ငူမြို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင်–

“နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုံလောက်သည့် လူဦးရေရှိရန် လိုအပ်သကဲ့သို့ ပညာတတ် လူ့အရင်းအမြစ်နှင့် ရေမြေသယံဇာတများလည်း ပြည့်စုံရန်လိုအပ်ကြောင်း၊ ယင်းအချက်သုံးချက် ပြည့်စုံပြီး အလုပ်ကို ကြိုးစားလုပ်ကြမည်ဆိုလျှင် ယင်းနိုင်ငံ၊ ယင်းဒေသသည် တိုးတက်ဖွံ့ဖြိုးသွားမှာဖြစ်ကြောင်း”

မှာကြားသွားသည်။

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများသည် မိမိတို့ဘဝ တိုးတက်ရေးအတွက် ကြိုးစားနေရမည်ဖြစ်သည်။ မိမိတိုင်း၊ မိမိဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အစဉ်အမြဲ ကြံစည်ကြိုးပမ်း နေကြရမည်ဖြစ်သည်။ မည်သည့် အခက်အခဲ၊ အဟန့်အတားများ ရှိနေစေကာမူ ပြည်သူအားလုံး ညီညီညွတ်ညွတ်ဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးစားလုပ်ဆောင်ကြမည်ဆိုပါက တိုးတက်အောင်မြင်မှုများ ရရှိလာမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

သာဓကအားဖြင့် ပဲခူးတိုင်းသည် လုံလောက်သည့် လူဦးရေရှိပြီး ရေမြေသယံဇာတ ပေါများကြွယ်ဝသော တိုင်းဖြစ်သည်။ အသိပညာရှင်၊ အတတ်ပညာရှင် စသည့် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ပေါများရာဒေသလည်း ဖြစ်သည်။ ပညာတတ်အရင်းအမြစ်များ ပိုမိုမွေးထုတ်နိုင်စေရန် တိုင်းအတွင်း၌ လိုအပ်သော တက္ကသိုလ်၊ ကောလိပ်များကို ထူထောင်ပေးထားပြီးဖြစ်သည်။ ထို့ကြောင့် တက်တက်ကြွကြွ ကြံစည်ကြိုးပမ်း အားထုတ်ကြလျှင် အခြေအနေကောင်းများ ရရှိပြီးဖြစ်သည့် ပဲခူးတိုင်းသည် အမှန်တကယ် ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည် ဖြစ်သည်။

ပိုမို၍ အရေးကြီးသည်မှာ မိမိတိုင်းအတွင်းရှိ ရေမြေသယံဇာတများကို အပြည့်အဝတိုးချဲ့အသုံးပြုရန်ဖြစ်သည်။ မြေပြန့်ဒေသများကိုသာမက ပေါများလှသော တောင်ကုန်း၊ တောင်စောင်းများပါမကျန် စိုက်ပျိုးရေးအတွက် တီထွင်ကြံဆ အသုံးပြုလုပ်ကိုင်ကြပြီး ပဲခူးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ဖော်ဆောင်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် ပညာတတ်လူ့စွမ်းအားများက နိုင်ငံတော်၏ ရေမြေသယံဇာတ အရင်းအမြစ်များကို အပြည့်အဝအသုံးချပြီး မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်း လုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတကာ သတင်းများ

ဖောက်စ်ဝက်ဂွန်ကားများ မလေးရှား၌တပ်ဆင်ထုတ်လုပ်မည်

ကွာလာလမ်ပူ မတ် ၁၄

ဂျာမနီနိုင်ငံ၏ ဖောက်စ်ဝက်ဂွန်(ဗွီဒဗလျူ)ကားကုမ္ပဏီကြီးသည် ယခုနှစ်ကုန်၌ မလေးရှားနိုင်ငံတွင် ဖောက်စ်ဝက်ဂွန်ကားများကို စတင်တပ်ဆင် ထုတ်လုပ်တော့မည်ဖြစ်သည်ဟု ယင်းကုမ္ပဏီက သောကြာနေ့၌ ပြောကြားသည်။

ပထမဆုံးကားပုံစံကို ဗွီဒဗလျူ၏ မလေးရှားလုပ်ဖော်ကိုင်ဖက် ကုမ္ပဏီ ဖြစ်သည့် ပရိုတွန်နှင့်ပူးပေါင်းတပ်ဆင် ထုတ်လုပ်မည်ဖြစ်ရာ ယင်းသည် ပက်စ်ဆက်၏ အာရှမျိုးကွဲဖြစ်မည် ဟုဆိုသည်။

တည်ဆောက်မည်

၂၀၀၆ခုနှစ်ကုန်ပိုင်းတွင် ဖောက်စ်ကားကို တန်ယွန်မာလင်မ်ရှိ ပရိုတွန် စက်ရုံ၌ တည်ဆောက်မည်ဖြစ်သည်။

စီစဉ်ထား

၂၀၀၈–၂၀၀၉မှစပြီး တတိယ ပုံစံဂေါ့ဖ်ကားကို မလေးရှား၌ တပ်ဆင်ထုတ်လုပ်သွားရန် ဗွီဒဗလျူ စီမံအုပ်ချုပ်ရေးအဖွဲ့က စီစဉ်ထားပြီး ဗွီဒဗလျူ ဗင်ကားများကို အင်ဒိုနီးရှား၌ ထုတ်လုပ်သွားမည်ဟု သိရသည်။

တပ်ဆင်

မလေးရှားနှင့် အင်ဒိုနီးရှားတွင် ကားများ တပ်ဆင် ထုတ်လုပ်ခြင်းဖြင့် ဗွီဒဗလျူသည် အရှေ့တောင် အာရှတွင် ယင်း၏ ဈေးကွက်ကို တိုးချဲ့နိုင်မည်ဟု ဆိုသည်။

(အင်တာနက်)

ထိုင်း–လာအို နယ်စပ်ကုန်သွယ်မှု အလားအလာကောင်းမွန်

လိုအီ မတ် ၁၄

ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်းရှိ လိုအီပြည်နယ်နှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ကို ဆက်သွယ်ပေးသော ထိုင်း–လာအို နမ်ဟူအင် ချစ်ကြည်ရေး တံတားဖွင့်လှစ်ခဲ့ပြီးနောက်ပိုင်း ထိုင်း–လာအိုနယ်စပ်တစ်လျှောက် နှစ်နိုင်ငံကုန်သွယ်မှုသည် ဆက်လက် ကျယ်ပြန့်လာလျက်ရှိကြောင်း အဆင့်မြင့် ကုန်သွယ်ရေးအရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါတံတားကို နှစ်နိုင်ငံနယ်စပ်သတ်မှတ်သည့် ဟူအင်မြစ်ကို ဖြတ်လျက် တည်ဆောက်ထားခြင်းဖြစ်ပြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ယဉ်ကျေးမှုတို့ တိုးတက်လာကြောင်း ပြည်နယ်၏ ကုန်သွယ်ရေးအကြီးအကဲ ကွန်ချိုင်ချိုင်ချက်က ပြောကြားသည်။

ကုန်သွယ်မှုတန်ဖိုး

လိုအီပြည်နယ်၏ ချီအန်ခန်ခရိုင်ရှိ နယ်စပ်စစ်ဆေးရေး စခန်းသုံးခု၌ မှတ်တမ်းတင်ထားခဲ့သော ကုန်သွယ်မှုတန်ဖိုးသည် ဖေဖော်ဝါရီလထဲ၌ စုစုပေါင်း ဘတ်ငွေ ၁၂၇သန်းဖိုးမျှရှိသည်ဟု ဆိုသည်။

ထိုင်းနိုင်ငံက လာအိုသို့ ကုန်ပစ္စည်းတင်ပို့သည့်တန်ဖိုးသည် ဘတ်ငွေ ၆၉သန်းရှိပြီး သွင်းကုန်တန်ဖိုးမှာ ဘတ် ၅၇သန်းဖြစ်ရာ ထိုင်းနိုင်ငံ၏ လာအိုနှင့် ကုန်သွယ်ရေးပိုလျှံငွေသည် ဘတ် ၁၁ဒသမ ၄၉သန်းဖြစ်သည်။

တင်သွင်း

လာအိုသို့ ထိုင်းနိုင်ငံ၏ အဓိကတင်ပို့သည့်ပစ္စည်းများမှာ ဆောက်လုပ်ရေးပစ္စည်းများ၊ ကားများ၊ လူသုံးကုန်ပစ္စည်းများနှင့် လောင်စာတို့ဖြစ်ပြီး လာအိုမှ ထိုင်းနိုင်ငံသို့ တင်သွင်းသည့် ကုန်ပစ္စည်းများမှာ သစ်၊ သစ်ထွက်ပစ္စည်း၊ သီးနှံနှင့် သတ္တုပစ္စည်းများဖြစ်သည်။

(အင်တာနက်)

ထိုင်းနိုင်ငံတွင် အရက်မူးပြီး မောင်းသည့် ယာဉ်မောင်းများ ယာဉ်တိုက်မှုကြောင့် ဆေးရုံရောက် လူနာများကို ပြုစုရမည်

ဗန်ကောက် မတ် ၁၄

ထိုင်းနိုင်ငံတွင် အရက်မူးပြီး ကားမောင်းသည့်အတွက် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ယာဉ်မောင်းများသည် မတော်တဆယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိသည့် ဆေးရုံများရှိလူနာများ ပြုစုစောင့်ရှောက်ခြင်း၊ အကျဉ်းထောင်များသို့ သွားရောက်လေ့လာခြင်းအပြင် သချိုင်းများ၌ သန့်ရှင်းရေး လုပ်ကိုင်ခြင်းပြုလုပ်ကြရမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်စေခြင်းသည် အရက်မူးပြီး ကားမောင်းမှုကို လျော့ကျစေမည့် အစိုးရ၏ ဆောင်ရွက်ချက်တစ်ခုဖြစ်သည်ဟု သိရသည်။

အရက်မူးပြီး ကားမောင်းသည့်အတွက် ပေးသောပြစ်ဒဏ်သစ်များသည် ဧပြီလ ၄ရက်၌ စတင်မည့် လုံခြုံဘေးကင်းစွာကားမောင်းရေး စည်းရုံးလှုံ့ဆော်မှုအသစ်တွင် ပါဝင်ကြောင်း ခံဝန်ချုပ်ဌာန ညွှန်ကြားရေးမှူးချုပ် ကစ်တီပွန်ကစ်တီယာရက်စ်က ပြောကြားသည်။

မြင့်မား

အဆိုပါ အချိန်ကိုက်ထုတ်ပြန်လိုက်သော ပြစ်ဒဏ်သစ်များသည် ဧပြီလလယ်၌ စတင်မည့် ထိုင်းနှစ်သစ်ကူးကာလအတွင်း မတော်တဆယာဉ်တိုက်မှုများ လျော့နည်းစေရန် ရည်ရွယ်သည်။ ထိုင်းနှစ်သစ်ကူး သို့မဟုတ် ဆွန်ကရန်ပွဲတော်တွင် ယာဉ်မတော်တဆဖြစ်သည့်နှုန်း မြင့်မားသည်ဟု ဆိုသည်။

သေဆုံး

မကြာမီသော နှစ်သစ်ကူး အားလပ်ရက်ကာလအတွင်း လမ်းများပေါ်၌ ယာဉ်မတော်တဆမှုကြောင့် လူ ၆၂၈ဦး သေဆုံးခဲ့ရပြီး ၂၆၁၀၀ ဒဏ်ရာရရှိခဲ့ရာ အများစုမှာ အရက်မူးပြီး ကားမောင်းခြင်းကြောင့်ဖြစ်ကြောင်း ကစ်တီပွန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

● ရွှေဖုံးမှ

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တောင်ငူတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှ တပ်မတော်သားများနှင့် မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ပဏာမရှင်းလင်းပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး တပ်မတော်သားများနှင့် မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ နံနက် ၁၁ နာရီတွင် ရဟတ်ယာဉ်များဖြင့် တောင်ငူမြို့မှ ဖြူးမြို့နယ် ဖြူးမြို့ အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည့် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းတည်နေရာ၊ စီမံကိန်းတွင် ပါဝင်မည့်လုပ်ငန်းများ၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် လုပ်ငန်းကဏ္ဍအလိုက် ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က စီမံကိန်းတွင်ပါဝင်သည့် ရေသွယ်ဥမင်လိုဏ်ဖောက်လုပ်ခြင်းနှင့်စပ်လျဉ်းသည့် ကိစ္စများ၊ ရာသီအလိုက် လုပ်ငန်းခွဲခြားဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို မဟာဓာတ်အားကွန်ရက်မှ တစ်ဆင့်ဖြန့်ဖြူးသွားရန် စီစဉ်ထားမှုများ၊ စက်ပစ္စည်းများရရှိရေး စီစဉ်ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်ငူမြို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမဆောင်၌ တောင်ငူတပ်နယ်အတွင်းရှိတပ်ရင်း၊တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများအား လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း

- ❑ ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းကို ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး ရဲနွယ်ချောင်း၌ တည်ဆောက်အကောင်အထည်ဖော်နေ၊
- ❑ စီမံကိန်းကြောင့် စိုက်ပျိုးမြေဧက ၁၁၈၅၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး ရေအားလျှပ်စစ် ၂၅ မဂ္ဂါဝပ် ထုတ်ယူရရှိမည်၊
- ❑ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ပြွန်တန်ဆာ လွင်ပြင်ဆည်အစုအဖွဲ့တွင် ပါဝင်သည့် စီမံကိန်းတစ်ခု၊
- ❑ ပြွန်တန်ဆာ လွင်ပြင်ဆည်အစုအဖွဲ့တွင် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့်အတူ ဘိုင်းဒါး၊ ကောလိယ၊ ဘောနီနှင့် ပျဉ်ပုံကြီးရေလှောင်တမံများ ပါဝင်ပြီး စုစုပေါင်း ဧကနစ်သိန်းကျော်ကို အကျိုးပြုသွားမည့် ဆည်အစုအဖွဲ့ဖြစ်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းတို့က စီမံကိန်းတွင်လိုအပ်မည့် လျှပ်စစ်ဓာတ်အားလိုင်း ပစ္စည်းများဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းစီစဉ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကွန်းချောင်းရေအား လျှပ်စစ် စီမံကိန်းလုပ်ငန်းများတွင် ဆည်မြောင်းဦးစီးဌာနအပိုင်းက ဆောင်ရွက်သွားမည့် ရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ်နှင့်စပ်လျဉ်းသည့် အချက်အလက်များကိုလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စီမံကိန်းများအတွက် စက်သုံးဆီအဆက်မပြတ်ရရှိရေး စီစဉ်ဆောင်ရွက်ပေးမှုများကိုလည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ပဲခူးရိုးမသစ်တောကာကွယ်ထိန်းသိမ်း စောင့်ရှောက်မှု အခြေအနေတို့ကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆည်တမံစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ အချိန်စောပြီးနိုင်သမျှ ပြီးစီးရန်လိုအပ်သကဲ့သို့ စီမံကိန်း၏ အကျိုးသက်ရောက်မှုများကို ပြည်သူများ အမြန်ဆုံးခံစားနိုင်ရန် လိုအပ်ကြောင်း။

ကြိုးပမ်းတည်ဆောက်

ထို့ကြောင့် စီမံကိန်း၌ အကျုံးဝင်ပါဝင်သောလုပ်ငန်းများကို တစ်ခုပြီးမှတစ်ခု ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ တစ်ချိန်တည်းဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို တစ်ပြိုင်တည်းပြီးစီးအောင် စနစ်တကျတာဝန်ခွဲဝေ၍ ကြိုးပမ်းတည်ဆောက်ကြရန်ဖြစ်ကြောင်း။

ဥပမာ ဆည်လုပ်ငန်းပြီးစီးမှုနှင့်အတူ ရေပေးဝေသည့် တူးမြောင်းစနစ်ကိုလည်း တစ်ပါတည်းပြီးစီးအောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

တီထွင်ထုတ်လုပ်

လျှပ်စစ်ပစ္စည်းများကိုလည်း ပြည်တွင်းမှာပင် ဖြစ်နိုင်သမျှ တီထွင်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းကြံဆဆောင်ရွက်ကြရန် ဖြစ်ကြောင်း မှာကြားလမ်းညွှန်သည်။

စာမျက်နှာ ၄ သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်က ကွန်းချောင်းရေအားလျှပ်စစ် စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုကို စီမံကိန်းရှင်းလင်းဆောင်အနီးရှိ ရှုရပ်မှ ကြည့်ရှုစစ်ဆေးကြသည်။

ကွန်းချောင်းရေအား လျှပ်စစ်စီမံကိန်းကို ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ပြီး ဆည်မြောင်းဦးစီးဌာနက ရေလွှဲဆည်လုပ်ငန်းနှင့် ဆည်ရေသောက် စနစ်တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

စီမံကိန်းအရ တမံအလျား ပေ ၁၂၆၀၊ အမြင့်ပေ ၂၄၀ ရှိသည့် ကျောက်ဖြည့်တမံ (Rock - fill Dam with Earth Core)ကို တည်ဆောက်သွားရမည်ဖြစ်သည်။

စိုက်ပျိုးရေပေးဝေနိုင်

စီမံကိန်းကြောင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ရရှိမည်ဖြစ်ပြီး ဧက ၁၁၀၀၀၀ ခန့်ကိုလည်း စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီခွဲတွင် ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရဲနွယ်ရေလှောင်တမံနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြပြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် တာတမံလုပ်ငန်းများနှင့် ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်က ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းပိုင်းဆိုင်ရာ တည်ဆောက်မှု အခြေအနေများနှင့် လုပ်ငန်းကဏ္ဍအလိုက် ပြီးစီးမှုများကိုရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်က ရဲနွယ်ရေအား လျှပ်စစ်စီမံကိန်း အတွက် စက်ပစ္စည်းများရရှိရေးတင်ဒါခေါ်ယူခဲ့သည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းတို့က ရန်ကုန်-မန္တလေးကားလမ်းနှင့် ရထားလမ်းတို့ ရေကျော်မှုနှင့် ဘိုင်းဒါးချောင်း၊ ရဲနွယ်ချောင်းတို့ ဆက်စပ်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စက်သုံးဆီဆိုင်ရာ ကိစ္စများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က ပဲခူးတိုင်း၏ သစ်တောအခြေအနေ၊ ပဲခူးတိုင်းစိမ်းလန်းစိုပြည်ရေးဆောင်ရွက်ချက်များနှင့် သစ်တောသစ်ပင် စိုက်ပျိုးခြင်း လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်ငူမြို့ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမဆောင်၌ တောင်ငူ တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မှာကြားပြီး ရှုရပ်မှ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရဲနွယ်ရေလှောင်တမံစီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)နှင့် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးတို့က တာဝန်ယူတည်ဆောက်သွားမည်ဖြစ်သည်။

ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းကို ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး ရဲနွယ်ချောင်း၌တည်ဆောက် အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

ထုတ်ယူရရှိမည်

စီမံကိန်းကြောင့် စိုက်ပျိုးမြေဧက ၁၁၈၅၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး ရေအားလျှပ်စစ် ၂၅ မဂ္ဂါဝပ် ထုတ်ယူရရှိမည်ဖြစ်သည်။

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ပွန်တန်ဆာ လွင်ပြင်ဆည်အစုအဖွဲ့တွင် ပါဝင်သည့် စီမံကိန်းတစ်ခုဖြစ်သည်။

ပွန်တန်ဆာ လွင်ပြင်ဆည်အစုအဖွဲ့တွင် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့်အတူ ဘိုင်းဒါး၊ ကောလိယ၊ ဘောနီနှင့် ပျဉ်ပုံကြီးရေလှောင်တမံများပါဝင်ပြီး စုစုပေါင်း ဧကနှစ်သိန်းကျော်ကို အကျိုးပြုသွားမည့် ဆည်အစုအဖွဲ့ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရဟတ်ယာဉ်များဖြင့် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်က ခွဲထွက်ရေးတားမြစ်သည့် ဥပဒေအတည်ပြုခြင်းကိုကြိုဆို မြန်မာနိုင်ငံသည် ထိုင်ဝမ်ကို တရုတ်နိုင်ငံ၏အစိတ်အပိုင်းတစ်ခုအဖြစ်ခံယူ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်

ရန်ကုန် မတ် ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်က ၂၀၀၅ ခုနှစ် မတ် ၁၄ ရက်တွင် ခွဲထွက်ရေးတားမြစ်သည့် ဥပဒေကို တညီတညွတ်တည်း အတည်ပြုခဲ့ခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ထုတ်ပြန်ကြေညာသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

လေးစားထောက်ခံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်က ခွဲထွက်ရေးတားမြစ်သည့် ဥပဒေကို ၂၀၀၅ ခုနှစ် မတ် ၁၄ ရက်တွင် တညီတညွတ်တည်း အတည်ပြုခဲ့ခြင်းကို ကြိုဆိုပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးပြီး အိမ်နီးချင်းကောင်းဆက်ဆံရေးရှိစေရန် ရှေးရှုဆောင်ရွက်သည့် မြန်မာနိုင်ငံသည် ထိုင်ဝမ်ကို တရုတ်နိုင်ငံ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ခံယူပါသည်။ မြန်မာနိုင်ငံသည် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို အစဉ်တစိုက်ကျင့်သုံးခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပိုင်ခွင့်ကို လေးစားထောက်ခံပါသည်။

(သတင်းစဉ်)

တပ်မတော်နေ့စစ်ရေးပြအခမ်းအနားဌ်ပါဝင်မည့် စစ်ရေးပြစစ်ကြောင်းကြီးများ တပ်ပါချီတက်လေ့ကျင့်

ရန်ကုန် မတ် ၁၅

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့်စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၅နာရီခွဲမှ ၉နာရီခွဲအထိ ရန်ကုန်မြို့ရှိ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန် တပ်ပါချီတက် လေ့ကျင့်မှုများကို စစ်ရေးပြအမိန့်စဉ်များအတိုင်း လေ့ကျင့်ကြရာ နှစ်(၆၀)ပြည့်တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ လာရောက်ကြည့်ရှု စစ်ဆေးကြသည်။

တပ်ပါစစ်ရေးပြ လေ့ကျင့်မှုများကို စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်း ဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသာအောင် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ဇော်ဝင်း ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမျိုးဝင်း ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်အောင်မြင့် ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ဦး ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဝင်းဆွေ ဦးဆောင်သည့် မြဝတီစစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းဇော် ဦးဆောင်သည့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက တပ်ပါစစ်ရေးပြလေ့ကျင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် အစုအဖွဲ့အလိုက်အထောက်အကူပြုအဖွဲ့များညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၁၅

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် အထောက်အကူပြုအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ၁နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိအမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီအစည်းအဝေး ခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုး၊ ဒုတိယ ဥက္ကဋ္ဌရှေ့နေချုပ်ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် အမျိုးသား ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အလိုက် အထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

သဘာပတိ

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက သဘာပတိအဖြစ် ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးသောင်းညွန့်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး **(ယာပုံ)** ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးမှာကြားကြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် အထောက်အကူပြု အဖွဲ့များ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် စခန်းရှိ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအေးမောင် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေး မှာကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် အထောက်အကူပြု အဖွဲ့များ၏ လုပ်ငန်း ညှိနှိုင်း အစည်းအဝေးကို ရန်ကုန် တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် စခန်းရှိ အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွန့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေး မှာကြားစဉ်။ (သတင်းစဉ်)

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြဝတီရုပ်မြင်သံကြား

၁၆–၃–၂၀၀၅(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ **"မမှောင်သောအလင်း"** (အပိုင်း–၃)
၅:၃၀ ၉။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမြွှာနဲ့ကြမ္မာ"** (အပိုင်း–၂)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မြန်မာ့ရှုခင်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး"** (အပိုင်း–၁၁)

■ **ကျောဖုံးမှ**

ရှေးဦးစွာ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွန့်က မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)က တစ်ဖက်သတ်စွပ်စွဲဖိအားပေးနေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ယနေ့သတင်းစာရှင်းလင်းပွဲ၏ ပထမပိုင်းအဖြစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)က ပြည်ပြေးအဖျက်သမားများဘက်က လိုက်ပြီး မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်စွပ်စွဲဖိအားပေးနေမှုများနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားမှာဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၂/၂၀၀၅)တွင် ရှက်ဆစ်ခေါင်းဆောင်သော SURA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရှမ်းပြည်နယ် လွတ်မြောက်ရေးဟူသည့် မျက်နှာဖုံးစွပ်ပြီး နောက်ကွယ်၌ မူးယစ်ဆေးဝါး ရောင်းဝယ်ထုတ်လုပ်နေမှုများ၊ ၎င်းကိစ္စနှင့်ဆက်စပ်ပတ်သက်နေမှုများနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

သတင်းစာဆရာကြီးများ သိရှိပြီးဖြစ်သည့်အတိုင်း အင်အားကြီးနိုင်ငံတချို့သည် သူတို့လိုလားသည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့က တစ်ဆင့် မြန်မာနိုင်ငံကို ကြိုးကိုင်ခြယ်လှယ်လိုသည့် ရည်ရွယ်ချက်ဖြင့်

မဟုတ်မမှန်တိုင်ကြားလာမှုများကို မြန်မာနိုင်ငံက လုပ်ထုံးလုပ်နည်းနှင့်အညီပြန်ကြားသော်လည်း ဥပေက္ခာပြုခံရ ဒုက္ခသည်အမည်ခံ နိုင်ငံတော်အားဆန့်ကျင်ပုန်ကန်သူများ၏ လုပ်ကြံစွပ်စွဲချက်ကိုသာ အခြေပြုထား

တိုင်းပြည်တွင် အခက်အခဲအမျိုးမျိုးကြုံတွေ့အောင် တစ်ဖက်စောင်းနင်း မမှန်သတင်းများ၊ လုပ်ကြံသတင်းများဖြင့် နိုင်ထက်စီးနင်း ဖိအားပေးလျက်ရှိကြောင်း။

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးဆိုသည့် နားဝင်ချိုစရာစကားလုံးများဖြင့် တစ်ကမ္ဘာလုံးကို ခါးစောင်းတင်ရန် ကြိုးပမ်းနေသည့် ယင်းနိုင်ငံကြီးများသည် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းအချို့ကိုပါ ခါးပိုက်ထောင်ထဲထည့်ပြီး အလုပ်သမားရေးရာ၊ အမျိုးသမီးရေးရာ၊ ကလေးသူငယ် စစ်မှုထမ်းခြင်းကိစ္စစသည့် ကမ္ဘာတစ်ဝန်းလုံးက ပြဿနာတွေအထဲကို မြန်မာနိုင်ငံကိုပါ ဆွဲထည့်ပြီး ယိုးမယ်ဖွဲ့အပြစ်ရှာနေကြကြောင်း။

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွန့်က မြန်မာနိုင်ငံအပေါ်အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) က တစ်ဖက်သတ် စွပ်စွဲဖိအားပေးနေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရချိန်ကစပြီး ကမ္ဘာ့အုပ်စုကြီးများ၊ ဒေသတွင်းအုပ်စုများနှင့် စစ်စာချုပ်အုပ်စုများတွင် ပါဝင်ခဲ့ခြင်းမရှိသကဲ့သို့ ဘက်လိုက်ခြင်းမျိုးမပြုခဲ့ကြောင်း သမိုင်းသက်သေ အထောက်အထား အထင်အရှားရှိသည့်နိုင်ငံပင်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများနှင့် အစဉ်အလာမပျက် ချစ်ကြည်ရင်းနှီးစွာ အတူတကွယှဉ်တွဲနေထိုင်ပြီး ဒေသတည်ငြိမ် ဖွံ့ဖြိုးတိုးတက်ရေးကို အမြဲအထောက်အကူပြုနေသည့် နိုင်ငံလည်းဖြစ်ကြောင်း။

အလေးထားလိုက်နာကျင့်သုံး

တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်ဆံရာတွင် လှည့်စားမှုများ၊ ဖုံးကွယ်မှုများမရှိဘဲ အိမ်နီးချင်းကောင်းပီသစွာ ရိုးသားဖြူစင် ဖြောင့်မတ်မှုအခြေခံဖြင့် ရပ်တည်နေထိုင်ခဲ့ပါကြောင်း၊ တစ်နိုင်ငံ၏ပြည်တွင်းရေးသာမက တစ်အုပ်စုနှင့်တစ်အုပ်စု၏ ပြဿနာမျိုးများတွင်လည်း ပါဝင်စွက်ဖက် ပတ်သက်ခြင်းမျိုးမဖြစ်ရအောင် အမြဲဆင်ခြင်ခဲ့ကြောင်း၊ အလားတူပင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ဦးဆောင်မှုနှင့်နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌ အပြည်ပြည်ဆိုင်ရာ ဥပဒေများ၊ သဘောတူညီချက်များကို အလေးထားလိုက်နာကျင့်သုံးခဲ့ကြောင်း။

မြန်မာနိုင်ငံသည် ၁၉-၄-၄၈ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်ခဲ့ပြီး ၁၈-၅-၄၈ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ကြောင်း၊ ILO ပြဋ္ဌာန်းချက်များနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံက လက်ခံကျင့်သုံးထားသည့် ပြဋ္ဌာန်းချက်ပေါင်း ၁၉ခုရှိကြောင်း၊ ယင်းအထဲတွင် ၁၉၃၀ပြည့်နှစ် အဓမ္မအလုပ်ခိုင်းစေခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်(၂၉) (Forced Labour Convention No.29, 1930)လည်း ပါဝင်ကြောင်း၊ ယင်းပြဋ္ဌာန်းချက်ကို ၁၉၅၅ခုနှစ် မတ်လ ၄ရက်နေ့က စတင်လက်ခံကျင့်သုံးခဲ့ခြင်း ဖြစ်ကြောင်း။

ဘက်ပေါင်းစုံမှဖိအားပေး

မြန်မာနိုင်ငံအနေဖြင့် လက်ခံကျင့်သုံးလျက်ရှိသည့်ပြဋ္ဌာန်းချက်များအပေါ် လိုက်နာကျင့်သုံးမှု အခြေအနေနှင့်စပ်လျဉ်းပြီး ILO သို့ နှစ်စဉ် အစီရင်ခံစာပေးပို့ခဲ့ကြောင်း၊ ၁၉၅၅ခုနှစ်ကာလမှ ၁၉၈၈ခုနှစ်ကာလအတွင်း မြန်မာနိုင်ငံတွင် ပြည်တွင်းသောင်းကျန်းမှု စစ်မီးတောက်လောင်ခဲ့ချိန်နှင့် ပြည်ပအဖွဲ့များ အထောက်အကူပြုထားသည့် သောင်းကျန်းသူများကို အသက်သွေး၊ချွေးမြောက်မြားစွာပေးဆပ်ပြီး ချေမှုန်းခဲ့ရစဉ်က တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် စစ်ဆင်ရေးကြီးများကို မနားမနေဆင်နွှဲခဲ့ရကြောင်း၊ ယင်းကာလတွင် ပြည်သူ့စစ်မဟာဗျူဟာအရ ပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှု အင်အားကိုရယူခဲ့ရသော်လည်း ထိုစဉ်က ILO သည် ပြဋ္ဌာန်းချက်အမှတ်(၂၉)နှင့်စပ်လျဉ်းပြီး ထူးထူးခြားခြား ဝေဖန်မှုမပြုခဲ့ကြောင်း သတင်းစာဆရာကြီးများ အသိပင်ဖြစ်ကြောင်း။

သို့သော် တိုင်းပြည်၏လိုအပ်ချက်အရ ၁၉၈၈ခုနှစ်တွင် တပ်မတော်အစိုးရက နိုင်ငံတော်တာဝန်ယူခဲ့ရပြီးသည့် နောက်ပိုင်းတွင် အင်အားကြီးနိုင်ငံအချို့သည် မြန်မာနိုင်ငံ၏ဖြစ်ပေါ်ပြောင်းလဲမှုများသည် ၎င်းတို့အလိုကျကြိုးကိုင်နိုင်မည့်အခြေအနေအတိုင်း ဖြစ်မလာတော့သည်ကို တွေ့ရှိချိန်ကစပြီး အရေးကိစ္စအမျိုးမျိုးကိုစင်တင်ကာ ဘက်ပေါင်းစုံမှ ဖိအားပေးမှုများ စဉ်ဆက်မပြတ် ပြုလုပ်လာခဲ့ကြောင်း တွေ့ရမှာဖြစ်ကြောင်း။

အနောက်အုပ်စုဝင် အင်အားကြီးနိုင်ငံများဟာ ILO စင်မြင့်ကိုလည်း အလုပ်သမားကိစ္စများအတွက်သာမကဘဲ မြန်မာနိုင်ငံတွင် ၎င်းတို့ဩဇာကိုနာခံမည့် ရုပ်သေးအစိုးရတင်နိုင်ရေးအတွက် လက်ရှိတပ်မတော်အစိုးရကိုဖိအားပေး အကျပ်ကိုင်နိုင်အောင် နိုင်ငံရေးစင်မြင့်တစ်ခုအဖြစ် အသုံးချလာကြောင်း သုံးသပ်တွေ့ရှိနိုင်ပါကြောင်း။

မြန်မာနိုင်ငံသည် ILO ပြဋ္ဌာန်းချက်အမှတ်(၂၉)ကို လိုက်နာကျင့်သုံးဖို့ ပျက်ကွက်လျက်ရှိကြောင်းနှင့် ILOဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအပိုဒ်(၂၄)အရ အရေးယူပေးဖို့ ၁၉၉၁ခုနှစ်မှာ အပြည်ပြည်ဆိုင်ရာ လွတ်လပ်သောအလုပ်သမားသမဂ္ဂအဖွဲ့ချုပ် (International Confederation of Free Trade Unions-ICFTU)မှ အလုပ်သမားကိုယ်စားလှယ် ၂၅ဦးက အင်အားကြီးနိုင်ငံအချို့၏ ပယောဂဖြင့်စတင်ပြီး စွပ်စွဲတိုင်ကြားလာခဲ့ကြောင်း၊ ဤသည်မှာ နိုင်ငံရေးအရ ဖိအားပေးမှု၏ ပထမခြေလှမ်းပင်ဖြစ်ကြောင်း။

နိုင်ငံရေးအရေခြုံ

ယင်းပထမခြေလှမ်းနှင့်ပေါင်းစပ်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ပအားကိုးပုဆိန်ရိုးအဖြစ် သူတို့သပ်လျှိုအသုံးချခဲ့သူကတော့ မောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေပင်ဖြစ်ကြောင်း၊ မောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေသည် ဘယ်သူလဲ၊ ဘာလဲဆိုသည်ကို သတင်းစာဆရာကြီးများသိရှိပြီးဖြစ်ပါကြောင်း၊ မောင်မောင်သည် NLD ဗဟိုအလုပ်အမှုဆောင် ဦးညွန့်ဝေ၏သားဖြစ်ပြီး ၁၉၈၈ခုနှစ်ဩဂုတ်လက မြန်မာ့ကျောက်မျက်ရတနာ ကော်ပိုရေးရှင်း သံတမန်ကုန်တိုက်ရတနာအရောင်းဆိုင် မန်နေဂျာလုပ်နေစဉ် ရတနာများပျောက်ဆုံးမှုဖြင့် အရေးယူခံရသည့် အကျင့်ပျက်ဝန်ထမ်းတစ်ဦးပင်ဖြစ်ကြောင်း၊ ၁၉၈၉ခုနှစ်တွင် ဝရမ်းပြေးအဖြစ်ဖြင့် တစ်ဖက်နိုင်ငံကို ထွက်ပြေးတိမ်းရှောင်ပြီး နိုင်ငံရေးအရေခြုံထားသူဖြစ်ကြောင်း။

မောင်မောင်သည် အလုပ်သမားသမဂ္ဂအဖွဲ့ (Federation of Trade Unions-Burma) FTUB ဆိုသည်ကို အဖွဲ့ဝင်တစ်ဦး၊ နှစ်ဦးမျှဖြင့် ဟန်ပြဖွဲ့ထားပြီး မြန်မာနိုင်ငံနှင့်ပတ်သက်သည့် မမှန်သတင်းများပေးပို့ကာ ယခုကဲ့သို့ ICFTU မှတစ်ဆင့် တိုင်ကြားစေခဲ့ခြင်းဖြစ်ကြောင်း။

ကျားကျားမီးယပ်ကုထုံးသုံး

ဤကဲ့သို့ မဟုတ်မမှန် စွပ်စွဲတိုင်ကြားလာမှုကို မြန်မာနိုင်ငံအနေဖြင့် လျစ်လျူရှုမထားဘဲ ပကတိအခြေအနေမှန်များကို နိုင်ငံတကာ အဖွဲ့အစည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ILO ဆီ ပြန်ကြားခဲ့သော်လည်း ဥပေက္ခာပြုခြင်းခံခဲ့ရကြောင်း၊ ၁၉၉၃ခုနှစ်တွင် ICFTU က ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း Article 24 အရ မြန်မာနိုင်ငံကို အရေးယူပေးရန် ILO ကို တိုင်ကြားခဲ့ပြန်ကြောင်း၊ ဤတိုင်ကြားမှုများ၏နောက်ကွယ်တွင် ပယောဂများရှိနေသော်လည်း မြန်မာနိုင်ငံအနေဖြင့် ပကတိအခြေအနေမှန်များကို ILO က သိရှိစေရန်အတွက် စွပ်စွဲတိုင်ကြားမှုကို ဖြေရှင်းပေးနိုင်မည့် ဓာတ်ပုံ၊ ဗီဒီယိုအခွေ၊ သက်သေထွက်ချက်များနှင့် ပြန်ကြားခဲ့ပါကြောင်း၊ သို့သော် ILO ကတော့ ကျားကျားမီးယပ်ကုထုံးကိုပင် ဆက်လက်ကျင့်သုံးခဲ့ကြောင်း။

ဝံပုလွေနှင့် သိုးငယ်ပုံပြင်ထဲကကဲ့သို့ပင် နင်မဟုတ် နင့်အဖေဆိုသည့် စွပ်စွဲချက်ဖြင့် နိုင်ငံရေးအရ ဆက်လက်ဖိအားပေးရန် ကြိုးပမ်းမှုအဖြစ် ၁၉၉၆ခုနှစ်တွင် ICFTU ကိုယ်စားပြု ဗြိတိန်နိုင်ငံအလုပ်သမား ကိုယ်စားလှယ် ဝီလျံဘရက်နှင့် အခြားကိုယ်စားလှယ် ၂၄ဦးက မြန်မာနိုင်ငံအတွင်း အဓမ္မခိုင်းစေမှု ဆက်လက်ဖြစ်ပေါ်နေ၍ ILO ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအပိုဒ်(၂၆)အရ စုံစမ်းရေးကော်မရှင် ဖွဲ့စည်းအရေးယူပေးရန်အထိ တစ်ဆင့်တက်ပြီး တိုင်ကြားခဲ့ပြန်ကြောင်း။

မြန်မာနိုင်ငံက အချက်အလက်အထောက်အထားများဖြင့် ပြန်လည်ဖြေရှင်းပြန်ကြားခဲ့သည်ကို လက်မခံဘဲ ILO က ၁၉၉၇ခုနှစ်တွင် စုံစမ်းရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့ ကော်မရှင်ဖွဲ့စည်းရန်အတွက် ခိုင်လုံသော အကြောင်းခြင်းရာမရှိကြောင်း မြန်မာနိုင်ငံက ကန့်ကွက်ပြောကြားနေသည့်ကြားမှ စုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

လုပ်ကြံဖန်တီး

၁၉၉၈ခုနှစ် ဇူလိုင်လတွင် ထုတ်ပြန်ခဲ့သည့် ယင်းကော်မရှင်၏အစီရင်ခံစာနှင့်တိုက်တွန်းချက်များကို လေ့လာကြည့်လျှင် မောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေ၏ FTUB နှင့်ဆက်စပ်နေပြီး နယ်စပ်ဒေသတွင် ခိုအောင်းလှုပ်ရှားနေသည့် အကြမ်းဖက်သောင်းကျန်းသူများနှင့်ဆက်နွှယ်သည့် ဒုက္ခသည် အမည်ခံများ၊ နိုင်ငံတော်ကို ဆန့်ကျင်ပုန်ကန်နေသူများ၏ လုပ်ကြံဖန်တီးထားသည့် စွပ်စွဲထွက်ဆိုချက်များကိုသာ အခြေပြုထားကြောင်း တွေ့ရှိရမှာဖြစ်ကြောင်း။

ယင်းစုံစမ်းရေးကော်မရှင်က (၁) ကျေးရွာဥပဒေ(၁၉၀၇)နှင့် မြို့များဥပဒေ(၁၉၀၇)တို့ကို ပြဋ္ဌာန်းချက် (၂၉)ပါ သတ်မှတ်ချက်များနှင့် အညီအညွတ်ဖြစ်စေရန် ၁-၅-၉၉ရက်နေ့နောက်ဆုံးထားပြီးလုပ်ဆောင်ပေးရန်၊ (၂) အဓမ္မအလုပ်ခိုင်းစေမှု မှန်သမျှ ရပ်ဆိုင်းပစ်ရန်နှင့် အများပြည်သူသိရှိရန်အတွက် အုပ်ချုပ်မှုပိုင်းဆိုင်ရာ ဥပဒေကို ထုတ်ပြန်ပေးရန်၊ (၃) အဓမ္မအလုပ်ခိုင်းစေသူများကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၃၇၄)အရ အပြစ်ပေး အရေးယူရန်ဆိုသည့် တိုက်တွန်းချက် သုံးရပ်ကို ထုတ်ပြန်ခဲ့ကြောင်း။

ထုတ်ပြန်ကြေညာ

မြန်မာနိုင်ငံတွင် အဓမ္မအလုပ်ခိုင်းစေမှုများလုံးဝမရှိစေလိုသည့် နိုင်ငံရေးသန္နိဋ္ဌာန်အရလည်းကောင်း၊ နိုင်ငံတော်အတွင်း တိုးတက်ပြောင်းလဲလာသည့် အခြေအနေများအရလည်းကောင်း ၁၉၀၇ခုနှစ် မြို့များအက်ဥပဒေနှင့်၁၉၀၇ခုနှစ် ကျေးရွာအက်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်အချို့ကိုကျင့်သုံးခြင်းမပြုရန် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများထံ ညွှန်ကြားသည့်အမိန့်အမှတ်(၁/၉၉)ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက ၁၄-၅-၁၉၉၉ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါကြောင်း။

ဤသို့ဆောင်ရွက်ခြင်းသည် နိုင်ငံတော်အစိုးရအနေဖြင့် မိမိဘက်မှ ဖြောင့်မတ်မှန်ကန်မှုနှင့် စိတ်ရင်းစေတနာကောင်းထားရှိမှုကို ပြသရာရောက်သည့်အပြင် တစ်ဖက်ကလည်း စုံစမ်းရေးကော်မရှင်၏ အကြံပြုချက်များပါဦးတည်ချက်များနှင့်လည်း အနှစ်သာရအားဖြင့် တူညီစေခဲ့ကြောင်း။

မြန်မာနိုင်ငံဘက်က လိုက်လျောညီထွေအပြုသဘောဖြင့် ဆောင်ရွက်ခဲ့သော်လည်း အနောက်နိုင်ငံကြီး တချို့သည် မြန်မာနိုင်ငံကို ကြိုးကိုင်ခြယ်လှယ်လိုသည့်ရည်ရွယ်ချက်ကို ပြောင်ပြောင်တင်းတင်း ဆက်လက်ဆုပ်ကိုင်ပြီး တစ်ဖက်စောင်းနင်းဖိအားပေးသည့် လုပ်ရပ်များကိုသာ ဆက်လက်လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရမှာဖြစ်ပါကြောင်း။

ဆက်စပ်တွေ့ရှိ

၁၉၉၉ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် (၈၇)ကြိမ်မြောက် ILC ညီလာခံကို အမေရိကန်သမ္မတ တက်ရောက်ပြီး မိန့်ခွန်းပြောကြားခဲ့ကြောင်း၊ ဤကဲ့သို့ မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံနှင့်စပ်လျဉ်းပြီး ဖိအားပေးမှုများကို အရှိန်မြှင့်ပြီး လုပ်ဆောင်သွားမည်ဟု ပြောင်ပြောင်တင်းတင်းပင် ပြောကြားသွားကြောင်း၊ ယင်းပြောကြားချက်သည် မြန်မာနိုင်ငံအပေါ် ILO°က အရေးပေါ် ဆုံးဖြတ်ချက်ချမှတ်ရန် တွန်းအားပေးမှုတစ်ရပ်ဖြစ်လာခဲ့ကြောင်း ဆက်စပ်တွေ့ရှိနိုင်ပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

သမိုင်းစဉ်တစ်လျှောက် မည်သည့်နိုင်ငံကိုမျှ ချမှတ်ခြင်းမရှိဘဲ အိုင်အယ်လ်အိုက မြန်မာနိုင်ငံအပေါ် တရားမျှတမှုကင်းစွာ ချမှတ်ခဲ့

စာမျက်နှာ ၆ မှ

ယင်း ၁၉၉၉ခုနှစ် ဇွန်လတွင်ကျင်းပခဲ့သည့် (၈၇)ကြိမ်မြောက် ILC ညီလာခံ၌ပင် မြန်မာနိုင်ငံ၏ အပြုသဘောဆောင်ရွက်ချက်အပေါ် အသိအမှတ်ပြုလက်ခံခြင်းမရှိဘဲ "ILO စုံစမ်းရေးကော်မရှင်"၏ ဆုံးဖြတ်ချက်များနှင့်အညီ အကောင်အထည်ဖော်ခြင်းမရှိဟု ဆိုပြီး အရေးပေါ် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်လိုက်ခြင်းဖြစ်ကြောင်း၊ ယင်းဆုံးဖြတ်ချက်မှာ **"အဓမ္မခိုင်းစေမှုပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် (၂၉) အကောင်အထည်ဖော်ရေး လုပ်ငန်းများအတွက်မှ တစ်ပါး မြန်မာနိုင်ငံကို မည်သည့်အကူအညီကိုမျှမပေးရန်၊ ILO မှ ကြီးမှူးကျင်းပသည့် အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများသို့ မြန်မာနိုင်ငံအား ဖိတ်ကြားခြင်းမပြုရန်"**စသည်များ ပါဝင်ခဲ့ကြောင်း။

ILO၏ အရေးပေါ်ဆုံးဖြတ်ချက်နှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ၁၇–၆–၁၉၉၉ရက်နေ့တွင် သတင်းထုတ်ပြန်ချက်တစ်ရပ် ပြုလုပ် ကန့်ကွက်ခဲ့ပါကြောင်း၊ ယင်းသတင်းထုတ်ပြန်ချက်တွင်–

> **"ယင်းလုပ်ရပ်မှာ တရားမျှတမှု၊ တိကျမှန်ကန်မှုနှင့်ဓမ္မဓိဋ္ဌာန်ကျမှုတို့ ကင်းမဲ့ခြင်းကြောင့်လည်းကောင်း၊ နိုင်ငံရေးအရ ဖိအားပေးဆောင်ရွက်မှုဖြစ်ခြင်းကြောင့် လည်းကောင်း၊ မိမိ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက် ခြယ်လှယ်လိုသော နိုင်ငံများ၏ ရှုတ်ချထိုက်သည့် မနှစ်မြို့ဖွယ်ရာ စည်းမဲ့ကမ်းမဲ့လုပ်ရပ်များကို မြန်မာနိုင်ငံအနေဖြင့် ဆက်လက်လက်ခံနိုင်သည့် အနေအထားတွင် မရှိတော့ပါ။ သို့ပါ၍ တရားမျှတမှု ကင်းပြီး ဘက်လိုက်မှုရှိသော ယင်းအဆိုမူကြမ်းကို မြန်မာနိုင်ငံက လက်ခံခြင်းမပြုခဲ့သည့်အပြင် ယခုအချိန်မှစ၍ ကွန်ဗင်းရှင်း (၂၉)နှင့် (၈၇)တို့နှင့် စပ်လျဉ်းသည့်လှုပ်ရှားမှုများတွင် ပါဝင်ခြင်းကိုလည်း ILO အဖွဲ့က အဖွဲ့ဝင်နိုင်ငံအားလုံးအပေါ် ထားရှိအပ်သည့် တရားမျှတမှုနှင့် တန်းတူညီမျှမှုရှိသော ဆက်ဆံမှုမျိုး ရရှိလာသည့်အချိန်အထိ ရပ်ဆိုင်းထားမည်ဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံတကာအသိုင်းအဝိုင်းမိသားစုမှ တာဝန်သိ နိုင်ငံအနေဖြင့် မြန်မာနိုင်ငံသည် မိမိအဖွဲ့ဝင်အဖြစ် ပါဝင်ထားသော ကွန်ဗင်းရှင်းများကိုမူ ဆက်လက် လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။**
>
> **"ILO အဖွဲ့၏ လေးစားအပ်သော ညီလာခံကြီးတစ်ခုသည် အနောက် နိုင်ငံများ၊ အထူးသဖြင့် ဗြိတိန်နိုင်ငံ၏ နိုင်ငံရေးကစားမှုလှည့်ကွက်အဖြစ် အမြတ်ထုတ် အသုံးချခံခဲ့ရခြင်းမှာ အထူးပင် ဝမ်းနည်းဖွယ်ရာ ဖြစ်ပါသည်။ ဤဖြစ်ရပ်သည် အပြည်ပြည်ဆိုင်ရာ အစည်းအဝေးများ၏ ဂုဏ်သိက္ခာကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများကိုလည်းကောင်း ယင်းနိုင်ငံကြီးများက လုံးဝမထေမဲ့မြင်ပြုနေကြကြောင်းကို ဖော်ညွှန်းပြသလျက်ရှိပါသည်။ ယင်းလုပ်ရပ်သည် ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေးများအတွက်လည်း အန္တရာယ်ရှိသော အကျိုးဆက်အများအပြား ပေါ်ပေါက်လာစေနိုင်သည်သာမက ILO၏ အဓိက ကွန်ဗင်းရှင်းများကို လက်မှတ်ရေးထိုးရခြင်း မရှိကြသေးသော နိုင်ငံများအား ပါဝင်လက်မှတ်ရေးထိုးခြင်းမှ ဟန့်တားစေမည်လည်းဖြစ်ရာ ILO အဖွဲ့ဝင်များ အားလုံးအတွက်ပါ များစွာ ထိခိုက်စေမည် ဖြစ်ပါသည်"**

ဟု ရှင်းရှင်းလင်းလင်း တိတိကျကျ ဖော်ပြခဲ့ပါကြောင်း။

မြန်မာနိုင်ငံအစိုးရအနေဖြင့် မိမိဘက်က ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ရင်းစေတနာကောင်းထားရှိမှုနှင့်အညီ ILO စုံစမ်းရေးကော်မရှင်၏ အကြံပြုချက်ပါ ဦးတည်ချက်များကို လိုက်လျောညီထွေ ဆောင်ရွက်ခဲ့သော်လည်း တစ်ဖက်က ပိုကောင်းမွန်သင့်လျော်သော အခင်းအကျင်းများကို ဆောင်ရွက်မှု မပြုခဲ့ကြောင်း သုံးသပ်တွေ့ရှိရမှာဖြစ်ကြောင်း။

ILO သည် အရေးပေါ်ဆုံးဖြတ်ချက် ချမှတ်ရုံမျှဖြင့် အာသာဆန္ဒမပြည့်ဝသေးဘဲ ၂၀၀၀ပြည့်နှစ် (၂၇၇)ကြိမ်မြောက် အုပ်ချုပ်မှုအဖွဲ့ အစည်းအဝေးတွင် စုံစမ်းရေးကော်မရှင်၏ တိုက်တွန်းအကြံပြုချက်ကို မြန်မာနိုင်ငံက အကောင်အထည်ဖော်နိုင်ခြင်းမရှိဟူ၍ အကြောင်းပြပြီး ILO၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း အပိုဒ်(၃၃) Article (33) အရေးယူမည့် ဆုံးဖြတ်ချက်ကို ILO ၏ သမိုင်းစဉ်တစ်လျှောက် မည်သည့်နိုင်ငံကိုမျှ ချမှတ်ခဲ့ခြင်းမရှိဘဲ မြန်မာနိုင်ငံအပေါ် တရားမျှတမှုကင်းမဲ့စွာ ချမှတ်ခဲ့ပြန်ကြောင်း။

မြန်မာနိုင်ငံသည် ယင်းILO၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး ယခင်ကနည်းတူပင် မိမိ၏ဖြောင့်မတ်ခိုင်မာသည့် ရပ်တည်ချက်ကို သတင်းထုတ်ပြန်ချက်တစ်ရပ်ဖြင့်သက်သေပြခဲ့ပါကြောင်း၊ ယင်းသတင်းထုတ်ပြန်ချက်တွင်–

> **"မြန်မာနိုင်ငံအပေါ်ဖိအားပေးလိုခြင်းကြောင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ကြီးက ယခုကဲ့သို့ မလိုအပ်သော လုပ်ဆောင်ချက်များကို အကြောင်းမဲ့ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ အပြုသဘော ဆောင်ရွက်ခဲ့မှုများကို ထပ်ကာတလဲလဲ လျစ်လျူရှုပြီးနောက် မြန်မာနိုင်ငံအပေါ် မလိုတမာစိတ်ထားရှိကြသူများအား မျက်နှာသာပေးကာ တစ်ဖက်သတ်အရေးယူ ဆောင်ရွက်လျက်ရှိခြင်းသည်လည်း လွန်စွာဝမ်းနည်း ဖွယ်ရာဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် စိတ်ရင်းစေတနာဖြင့် အပြည်ပြည်ဆိုင်ရာအလုပ်သမား အဖွဲ့ချုပ်နှင့်ပူးပေါင်း ဆောင်ရွက်ရန်နှင့် အခြားဆွေးနွေးခြင်းများ ပြုလုပ်ရန် အဆိုပြု ကမ်းလှမ်းခဲ့သော်လည်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့က လက်မခံဘဲ ငြင်းဆန်ခဲ့ပါသည်။ သို့ဖြစ်၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်(၃၃)အရ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ထိရောက်စွာပြုလုပ်နိုင်ရေးအတွက် (၈၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားညီလာခံသို့ တင်ပြသည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့–အုပ်ချုပ်မှုအဖွဲ့က ယခုချမှတ်လိုက်သော ဆုံးဖြတ်ချက်နှင့် ထောက်ခံတင်ပြချက်များကို မြန်မာနိုင်ငံအနေဖြင့် လုံးဝဥသုံငြင်းပယ်ပါသည်။ အုပ်ချုပ်မှုအဖွဲ့၏ အရေးယူဆောင်ရွက်မှုသည် လုံးဝတရားမျှတမှု မရှိရုံသာမက အကျိုးအကြောင်း ခိုင်လုံမှုလည်း လုံးဝမရှိပါ။ သို့ဖြစ်ရာ အုပ်ချုပ်မှုအဖွဲ့၏ အဆိုပါ ဆုံးဖြတ်ချက်သည်လည်းကောင်း၊ ယင်းနှင့်ဆက်သွယ်လျက်ရှိသည့် ဆောင်ရွက်ချက်များနှင့် အကျိုးသက်ရောက်မှု မှန်သမျှသည်လည်းကောင်း မြန်မာနိုင်ငံနှင့် လုံးဝပတ်သက် ဆက်စပ်ခြင်းမရှိဟု မြန်မာနိုင်ငံအနေနှင့် ခံယူပါသည်။ မြန်မာနိုင်ငံကို ဝေဖန်ပြစ်တင်ပြီး အထီးကျန်ဖြစ်စေရန် ကြိုးပမ်းမည့်အစား ယခုဖြစ်ပေါ်နေသည့် ပြဿနာနှင့်စပ်လျဉ်း၍ ကျေနပ်လက်ခံနိုင်မည့် ဖြေရှင်းချက်တစ်ရပ် ပေါ်ပေါက်လာသည်အထိ အတူတကွ ဆက်လက်ဆောင်ရွက်သွားရေးကို လမ်းဖွင့်ထားသင့်ကြသည်ဆိုသော မိတ်ဆွေနိုင်ငံများ၏ ရပ်တည်ချက်ကို မြန်မာနိုင်ငံက တန်ဖိုးထားလေးစားပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၏ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံအနေနှင့် လုံးဝလက်ခံမည်မဟုတ်ပါ။ ယခုကဲ့သို့ ဖိအားပေးသည့် နည်းပရိယာယ်များကြောင့် မြန်မာနိုင်ငံအနေနှင့် ယိမ်းယိုင်တုန်လှုပ်မည် မဟုတ်သည့်အပြင် ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းအားထုတ်မှုများကိုလည်း မည်သည့်အခါမျှ လက်ခံလိမ့်မည် မဟုတ်ပါ"**

ဟု ပွင့်ပွင့်လင်းလင်းဖော်ပြခဲ့ပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အလေးအနက်တိုက်တွန်း

ဤသို့ ခိုင်ခိုင်မာမာ ရပ်တည်ခဲ့သည့်အတွက် ၂၀၀၀ပြည့်နှစ် မေလတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပခဲ့သည့် (၁၄)ကြိမ်မြောက် အာဆီယံ အလုပ်သမားဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံနိုင်ငံများက မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ပူးတွဲကြေညာစာတမ်းတစ်ရပ် ထုတ်ပြန်ခဲ့ပါကြောင်း၊ ယင်းထုတ်ပြန်ချက်တွင် အာဆီယံအလုပ်သမားဝန်ကြီးများက အပြုသဘောတိုးတက်ဖြစ်ပေါ်မှုများကို ကြိုဆိုကြောင်း၊ ILO နှင့် မြန်မာနိုင်ငံအကြား ဖြစ်ပေါ်နေသောအခြေအနေကို နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုနှင့် အဖြေရှာသင့်ကြောင်း၊ ILO ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေးမစ်ရှင် အဖွဲ့ကို (၈၈)ကြိမ်မြောက် ညီလာခံမတိုင်မီ မြန်မာနိုင်ငံသို့ စေလွှတ်ပေးရန် ILO ညွှန်ကြားရေးမှူးချုပ်ထံ အလေးအနက် တိုက်တွန်းကြောင်း စသည်ဖြင့် ဖော်ပြခဲ့ကြကြောင်း။

ယင်းအကျိုးဆက်အရ အဆိုပါကာလနောက်ပိုင်းတွင် အဓမ္မအလုပ်ခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် (၂၉)နှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံနှင့် ILOကြားဖြစ်ပေါ်လျက်ရှိသည့် အခြေအနေတိုးတက်ကောင်းမွန်စေရန် နှစ်ဦးနှစ်ဖက် နားလည်ယုံကြည်မှု တည်ဆောက်ရန်နှင့် လိုအပ်သည့် ဥပဒေဆိုင်ရာ အကြံဉာဏ်များ ရယူရန်အတွက် ILO ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့များကို ၂၀၀၀ ပြည့်နှစ် နှစ်ဦးပိုင်းမှစပြီး မြန်မာနိုင်ငံက လက်ခံခဲ့ပါကြောင်း။

၂၀၀၀ပြည့်နှစ် မေလမှ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလအထိ ILOကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ငါးကြိမ်၊ အဆင့်မြင့်အဖွဲ့တစ်ကြိမ်၊အထူးအဆင့်မြင့်အဖွဲ့ တစ်ကြိမ်လာရောက်မှုကို မြန်မာနိုင်ငံက လက်ခံခဲ့ခြင်းဖြစ်ကြောင်း။

၂၀၀၀ ပြည့်နှစ် အောက်တိုဘာလ တွင် ဒုတိယအကြိမ်လာရောက်ခဲ့သည့် ကျွမ်းကျင်မှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီးနောက် အမိန့် အမှတ်(၁/၉၉)ကို ဖြည့်စွက်သည့်အမိန့်ကို ပြည်ထဲရေးဝန်ကြီးဌာနက ၂၇–၁၀–၂၀၀၀ ရက်နေ့တွင် ထုတ်ပြန်ပေးခဲ့ကြောင်း။

ထို့ပြင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကလည်း ထုတ်ပြန်ထားပြီးဖြစ်သည့် အမိန့်အမှတ်(၁/၉၉)နှင့် အမိန့်အမှတ်(၁/၉၉) ဖြည့်စွက်အမိန့်များကို အာဏာပိုင်အဖွဲ့အစည်းများသာမက ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများပါ လိုက်နာဆောင်ရွက်ကြရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးကို ၁–၁၁–၂၀၀၀ ရက်စွဲဖြင့် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပါကြောင်း။

ဤကဲ့သို့ ပူးပေါင်းမှု၊ဆောင်ရွက်မှု ပြုခဲ့သော်လည်း ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ILO အုပ်ချုပ်မှုအဖွဲ့၏ (၂၇၉)ကြိမ်မြောက် အစည်းအဝေးတွင် အလုပ်သမားကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lord Brett က **"မြန်မာနိုင်ငံတွင် အဓမ္မ အလုပ်ခိုင်းစေမှုများပပျောက်စေရန်အတွက် တိုးတက်လုပ်ဆောင်မှု အနည်းငယ်ရှိသည်မှန်သော်လည်း too little too late ဖြစ်သည်ဟုပြောလိုကြောင်း၊ သို့ဖြစ်၍ (၈၈)ကြိမ်မြောက် ILC ညီလာခံမှ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်(Resolution)အရ မြန်မာနိုင်ငံကို Article(33)ဖြင့် အရေးယူရန် ဆက်လက်ဆောင်ရွက်ရန်သာ ရှိကြောင်း"** ဆွေးနွေးပြောကြားခဲ့ပြန်ကြောင်း၊ ဤသို့ဖြင့်(၈၈)ကြိမ်မြောက် ILCညီလာခံက ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်သည် ၂၀၀၀ပြည့်နှစ် နိုဝင်ဘာလ ၃၀ ရက်နေ့မှစတင်ပြီး အကျိုးသက်ရောက်ခဲ့ပါကြောင်း။

ဝင်ရောက်အကြံပြု

ILC က ပိတ်ဆို့အရေးယူမှု (Sanction)ချမှတ်ခဲ့သော်လည်း မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးသန္နိဋ္ဌာန် ချမှတ်ထားသည့်အတိုင်း အဓမ္မခိုင်းစေမှု ပပျောက်စေရန်အတွက် မိမိကိုယ်ပိုင်စွမ်းအားဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဝန်ကြီးအဆင့် ကော်မတီ(Ministerial Committee)၊ ပြဋ္ဌာန်းချက်အမှတ်–၂၉ အကောင်အထည်ဖော်ရေးဆိုင်ရာ ကော်မတီ (Convention No.29 Implementation Committee) တို့ကို ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် ဤကဲ့သို့ မြန်မာနိုင်ငံက လုပ်ဆောင်လျက်ရှိသည့် ဥပဒေရေးရာ၊ အုပ်ချုပ်မှုရေးရာနှင့် စီမံခန့်ခွဲရေးရာ အစီအမံများ၏ ထိရောက်မှုအခြေအနေကို ဓမ္မဓိဋ္ဌာန်ကျကျပြန်လည်ဆန်းစစ်သင့်ကြောင်း၊ ILO နှင့် ပူးပေါင်းပြီး ထိုသို့ဆောင်ရွက်နိုင်မှသာ နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာနိုင်ငံ၏ တိုးတက်လုပ်ဆောင်မှုများအပေါ် လက်ခံယုံကြည်မှု (Credibility)ရှိမှာဖြစ်ကြောင်း ILO ဘက်မှ ဝင်ရောက်အကြံပြုလာခဲ့ပြန်ကြောင်း။

ယင်းနောက် မြန်မာနှင့် ILOတို့ နှစ်ဖက်ညှိနှိုင်းသဘောတူညီချက်အရ ဩစတြေးလျနိုင်ငံ ဘုရင်ခံချုပ်ဟောင်း ဆာနီနီယင်စတီဖင်ဦးဆောင်သည့် အဆင့်မြင့်အဖွဲ့တစ်ဖွဲ့သည် ၂၀၀၁ခုနှစ် စက်တင်ဘာလ ၁၇ရက်နေ့မှ အောက်တိုဘာလ ၆ရက်နေ့အထိ မြန်မာနိုင်ငံသို့လာရောက်ခဲ့ကြောင်း၊ ယင်းအဆင့်မြင့်အဖွဲ့၏ အစီရင်ခံစာကို ILO အုပ်ချုပ်မှုအဖွဲ့ထံ တင်ပြခဲ့ရာတွင် အဓိက တိုက်တွန်းချက် (၄)ချက် ပါဝင်ခဲ့ကြောင်း။

အဆိုပါတိုက်တွန်းချက်များအနက် ပထမတိုက်တွန်းချက်ဖြစ်သည့် "မြန်မာနိုင်ငံ၏ တိုးတက်ပြုပြင် လုပ်ဆောင်မှုများကို ထိရောက်စွာ အကဲဖြတ်ဆန်းစစ်နိုင်ရန်အတွက် ILO ကိုယ်စားပြုမှု စဉ်ဆက်မပြတ် ရှိသင့်ကြောင်း" နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံဘက်က လက်ခံခဲ့သည့်အတွက် ILO ဆက်သွယ်ရေးအရာရှိတစ်ဦး ရန်ကုန်၌ထားရှိခဲ့သည်မှာ ၂၀၀၂ခုနှစ် မေလ ၆ ရက်နေ့မှ ယနေ့အထိပင် ဖြစ်ကြောင်း။

ဒုတိယတိုက်တွန်းချက်ဖြစ်သည့် "အဓမ္မအလုပ်ခိုင်းစေမှုများကို တိုင်ကြားနိုင်ရန် သမာဓိဝန် (Ombudsman)တစ်ဦး ခန့်အပ် ထားရှိပေးသင့်ကြောင်း" အကြံပြုတိုက်တွန်းချက်ကိုကြည့်လျှင် Ombudsman၏ အနေအထားသည် အဓမ္မခိုင်းစေခြင်းခံရသူများ၏ တိုင်ကြားချက်များကို လက်ခံပြီး ကိုယ်တိုင်စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်မည့် သဘောရှိသဖြင့် မြန်မာနိုင်ငံက

မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)က တစ်ဖက်သတ်စွပ်စွဲ ဖိအားပေးနေမှုများ၊ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး အကောင်အထည်ဖော် ဆောင်ရွက်ချက်များ၊ ရွက်ဆစ် ခေါင်းဆောင်သည့် SURA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က ရှမ်းပြည်နယ်လွတ်မြောက်ရေးဟူသည့် မျက်နှာဖုံးစွပ်ပြီး နောက်ကွယ်၌ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုများနှင့် အခြား ဆက်စပ်ပတ်သက်နေမှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ(၂/၂၀၀၅)တွင် ပြသထားသော မှတ်တမ်းဓာတ်ပုံများကို ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာများ ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

လက်ခံနိုင်ခြင်းမရှိ၍ လက်မခံခဲ့ခြင်းပင်ဖြစ်ကြောင်း၊ သို့သော် Joint Plan of Action မှာ The Role of the Facilitator ဆိုသည့် စာပိုဒ်ထည့်သွင်းရန် နှစ်ဖက်သဘောတူလက်ခံသည့် အနေအထားရှိခဲ့ကြောင်း၊ Facilitator အနေဖြင့် နစ်နာ၍ တိုင်ကြားသူများ၏ တိုင်ကြားချက်များကို စိစစ်ပြီး မှန်ကန်သည်ဟု ထင်မြင်ယူဆပါက ILOပြဋ္ဌာန်းချက်အမှတ်(၂၉)အကောင်အထည်ဖော်ရေးဆိုင်ရာ ကော်မတီသို့ ပေးပို့တင်ပြခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သွားရန်ဖြစ်ကြောင်း၊ ထို့ကြောင့် Joint Plan of Action ကို အကောင်အထည်ဖော်ဖြစ်ခဲ့လျှင် Facilitator၏ အခန်းကဏ္ဍ ပါရှိလာမှာဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့





စာမျက်နှာ ၇ မှ

တတိယတိုက်တွန်းချက်ကို ပူးပေါင်းဆောင်ရွက်သည့်အနေဖြင့် အမိန့်အမှတ်(၁/၉၉)နှင့်အမိန့်အမှတ်(၁/၉၉)ဖြည့်စွက်အမိန့်တို့ကို ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တိုင်းရင်းသားဘာသာစကားများဖြင့် စာအုပ်စုစုပေါင်း၁၆၈၅၄၄အုပ်ပုံနှိပ်ပြီး မြန်မာနိုင်ငံအတွင်းရှိ ကျေးရွာပေါင်း ၆၃၀၀၀ ကျော်(မြန်မာနိုင်ငံအတွင်းရှိကျေးရွာအားလုံး)ကို ဖြန့်ဝေပေးခဲ့ပါကြောင်း။

စတုတ္ထတိုက်တွန်းချက်ဖြစ်သည့် **"မြန်မာနိုင်ငံမှာ အဓမ္မအလုပ်ခိုင်းစေမှုများပပျောက်ရေးအတွက် မြန်မာနိုင်ငံရဲ့ စီးပွားရေးအဆင့်အတန်းမြင့်မားလာစေမယ့် အစီအမံများကိုလဲ တစ်ဖက်မှကူညီပံ့ပိုးလုပ်ဆောင်ပေးဖို့လိုကြောင်း၊ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းကလဲ မြန်မာနိုင်ငံနဲ့ အပြုသဘောဆက်ဆံဆောင်ရွက်မှုလိုအပ်ကြောင်း"**တိုက်တွန်းချက်နှင့်စပ်လျဉ်းပြီး ILOနှင့် နိုင်ငံအများအပြားဘက်က မြန်မာနိုင်ငံအပေါ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများဖော်ဆောင်ပေးရန် ယခုအချိန်အထိ လိုအပ်လျက်ရှိနေသေးကြောင်း တွေ့ရှိရမှာဖြစ်ကြောင်း။

အကြံပြုမေတ္တာရပ်ခံ

ယင်းနောက်ပိုင်းတွင် မြန်မာနိုင်ငံအတွင်း အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဆွေးနွေးညှိနှိုင်းမှုအဆင့်မှ လက်တွေ့ အကောင်အထည်ဖော်မှုအဆင့်သို့ ဖော်ဆောင်နိုင်ရန်အတွက် ဒေသတစ်ခုကို ရွေးချယ်သတ်မှတ်ပြီး Plan of Action ရေးဆွဲချမှတ်ဆောင်ရွက်ပါက သင့်မြတ်နိုင်ကြောင်း၊ ထိုမှတစ်ဆင့် အခြားသင့်လျော်ရာဒေသများသို့ တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက် ဆောင်ရွက်သင့်ကြောင်း၊ ILO ကလည်း လိုအပ်သောကျွမ်းကျင်မှုများပေးရန် အသင့်ရှိပါကြောင်း အစရှိသဖြင့် ILO ညွှန်ကြားရေးမှူးချုပ်က အလုပ်သမားဝန်ကြီးထံ စာဖြင့်အကြံပြုမေတ္တာရပ်ခံလာခဲ့ကြောင်း။

ဆက်လက်ပြီး Plan of Action မူကြမ်းရေးဆွဲရန် ရန်ကုန်မြို့ရှိ ILO ဆက်သွယ်ရေးအရာရှိနှင့် အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း၊ Role of the Facilitator နှင့်စပ်လျဉ်းပြီး ဂျီနီဗာတွင် မြန်မာသံအမတ်ကြီးနှင့် ILO မှ Executive Director, Mr. Kari Tapiola တို့ အကျေအလည် ညှိနှိုင်းပြီး ၈-၅-၂၀၀၃ရက်နေ့တွင် နှစ်ဖက်လက်မှတ်တို ရေးထိုးနိုင်ခဲ့ကြကြောင်း၊ Joint Plan of Action ကို ရန်ကုန်မြို့တွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ILO ဆက်သွယ်ရေးအရာရှိတို့က ၂၇-၅-၂၀၀၃ရက်နေ့တွင် လက်မှတ်တို ရေးထိုးခဲ့ကြကြောင်း။

ဤသို့ဖြင့် မြန်မာနိုင်ငံသည် ILO နှင့်ပူးပေါင်းဆောင်ရွက်မှုကို ဆွေးနွေးမှုအသွင်မှ လက်တွေ့အကောင်အထည်ဖော်သောအဆင့်အထိ တက်လှမ်းဆောင်ရွက်နိုင်သည့် Joint Plan of Action ကို နှစ်ဦးနှစ်ဖက် သဘောတူလက်မှတ်တိုရေးထိုးခဲ့ကြပြီးဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရန်သာ ကျန်တော့သည့်အဆင့်အထိ ရောက်ရှိလာခဲ့ကြောင်း၊ သို့သော် ၂၀၀၃ ခုနှစ် ဇွန်လတွင်ကျင်းပခဲ့သည့် (၉၁)ကြိမ်မြောက် ILC ညီလာခံတွင် အလုပ်သမားရေးကိစ္စနှင့်လုံးဝမပတ်သက်သည့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သောနိုင်ငံရေးကိစ္စကို အကြောင်းပြုပြီး ILO ဘက်မှ တစ်ဖက်သတ် ဆိုင်းငံ့ထားခဲ့ပြန်ကြောင်း။

နှောင့်နှေးအောင်လုပ်ဆောင်

ILC ညီလာခံ အဖွင့်မိန့်ခွန်းပြောကြားရာတွင် ILO ညွှန်ကြားရေးမှူးချုပ်က "မိမိအနေဖြင့် အောင်ဆန်းစုကြည်နှင့်၎င်း၏ထောက်ခံသူများအား လွှတ်ပေးရန်အတွက် အစီအမံများ ချက်ချင်းချမှတ်ဆောင်ရွက်ရန် မြန်မာအစိုးရအား တောင်းဆိုလိုပါကြောင်း၊ ထို့အပြင် အဓမ္မ ခိုင်းစေမှုများပပျောက်ရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံရှိ အလုပ်သမားများ၏ အကျိုးခံစားခွင့်များ ဆောင်ရွက်ပေးနိုင်ရန်အတွက်လည်းကောင်း လျော်ကန်သင့်မြတ်သော အခြေအနေများလိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် မကြာခင်က ဖြစ်ပွားခဲ့သော အရေးအခင်းမှာ မရေရာမသေချာသော အခြေအနေများကို ဖန်တီးထားကြောင်း" စသဖြင့် အလုပ်သမားရေးရာနှင့်မသက်ဆိုင်သည့် နိုင်ငံရေးကိစ္စများကို ဆွဲထည့်ပြီး လုပ်ငန်းစဉ်တစ်ခုလုံး နှောင့်နှေးသွားအောင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း။

ဤသို့ အသားလို၍ အရိုးတောင်းနေသည့်လုပ်ရပ်များနှင့် ILC ညီလာခံတွင် မြန်မာနိုင်ငံနှင့် ILO တို့အကြား Joint Plan of Action နှစ်ဖက်တရားဝင်လက်မှတ်ရေးထိုးရေးကိစ္စကို ILO ဘက်က တစ်ဖက်သတ် ဆိုင်းငံ့ထားခဲ့ခြင်းဖြစ်ကြောင်း သတင်းစာဆရာကြီးများ တွေ့ရှိရမှာဖြစ်ကြောင်း။

ILO ဘက်မှ တစ်ဖက်သတ်ဆိုင်းငံ့ခဲ့သော်လည်း မြန်မာနိုင်ငံအနေဖြင့် ကောင်းမြတ်သော သဘောထားဖြင့် ဆောင်ရွက်မှုမှန်သမျှကို မည်သည့်အကြောင်းမျိုးနှင့်မျှ မျက်ခြည်ပြတ်မခံခဲ့ကြောင်း၊ Joint Plan of Action မှပါရှိသည့် မိမိကိုယ်ပိုင်စွမ်းအားဖြင့် ဆောင်ရွက်နိုင်သည့်လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် မိမိအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

ဆက်လက်ပြီး ILO အထူး အဆင့်မြင့်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် အခြေအနေဖြစ်ရပ်မှန်များကို အသိပေးပြောကြားသွားမှာဖြစ်ကြောင်း၊ ILO အုပ်ချုပ်မှုအဖွဲ့(GB)၏ (၂၉၁)ကြိမ်မြောက် အစည်းအဝေး နိဂုံးချုပ်မှတ်ချက်အရ ILO ညွှန်ကြားရေးမှူးချုပ်ထံမှ မြန်မာနိုင်ငံအလုပ်သမားဝန်ကြီးဌာနဝန်ကြီးထံသို့ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၂ရက် နေ့စွဲပါစာဖြင့် ILO အထူးအဆင့်မြင့်အဖွဲ့တစ်ဖွဲ့စေလွှတ်လိုပါကြောင်း မေတ္တာရပ်ခံပေးပို့ခဲ့ကြောင်း၊ အလုပ်သမားဝန်ကြီးဌာနက ILO ညွှန်ကြားရေးမှူးချုပ်ထံသို့ ၂၀၀၅ခုနှစ် ဇန်နဝါရီလ၂၄ရက်စွဲပါစာဖြင့် အကြောင်းပြန်ကြားခဲ့ရာတွင် "မြန်မာနိုင်ငံတွင် အမျိုးသားညီလာခံ ပြန်လည်ကျင်းပချိန်နှင့် တိုက်ဆိုင်နေသော်လည်း ILO အထူးအဆင့်မြင့်အဖွဲ့ မြန်မာနိုင်ငံသို့လာရောက်မှုကို ကြိုဆိုပါကြောင်း၊ အဆိုပါအဖွဲ့အား တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့်သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများက လက်ခံတွေ့ဆုံမည်ဖြစ်ပါကြောင်း" ထည့်သွင်းဖော်ပြပြန်ကြားခဲ့ပါကြောင်း။

ILO အထူးအဆင့်မြင့်အဖွဲ့လာရောက်ခြင်းနှင့်စပ်လျဉ်းပြီး ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် အပါအဝင် အခြားလိုအပ်ချက်များကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့က ILOယာယီဆက်သွယ်ရေးအရာရှိနှင့် ရန်ကုန်မြို့တွင် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ၈ရက်နေ့က ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း၊ ညှိနှိုင်းသည့် လျာထားမှုအစီအစဉ် (Tentative Programme)တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)က လက်ခံတွေ့ဆုံမှာဖြစ်ကြောင်း ဖော်ပြခဲ့ပါကြောင်း။

ဩစတြေးလျနိုင်ငံ ဘုရင်ခံချုပ်ဟောင်း ဆာနီနီယင်စတီဖင် ခေါင်းဆောင်သည့် ILOအထူးအဆင့်မြင့်အဖွဲ့သည် အဖွဲ့ဝင်နှစ်ဦးနှင့်အတူ ၂၁-၂-၂၀၀၅ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ကြပါကြောင်း။

ဝန်ကြီးနှင့်တွေ့ဆုံဆွေးနွေး

ယင်းအဖွဲ့မြန်မာနိုင်ငံသို့ ရောက်ရှိသည့်အခါတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ထက် ဝါစဉ်အရ ပို၍

မြန်မာနိုင်ငံသည် လွတ်လပ်သည့်အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်သည်နှင့်အညီ မိမိတိုင်းပြည်၏ အခြေအနေကို မိမိဘာသာ ဖန်တီးခွင့်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ ပကတိတည်ရှိနေသည့် အခြေအနေအရပ်ရပ်ပေါ်မူတည်ပြီး မိမိနိုင်ငံသူနိုင်ငံသားများအတွက် အကောင်းဆုံးနှင့် အသင့်တော်ဆုံးဖြစ်အောင် အစိုးရနှင့် ပြည်သူတွေ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်နေကြခြင်းပင် ဖြစ်ကြောင်း၊ ILO သည် ၁၉၉၁ ခုနှစ်မှစပြီး ICFTU ၏ တစ်ဖက်သတ် တိုင်ကြားချက်များအရ မြန်မာနိုင်ငံအား ရှင်းလင်းချက်တောင်းခံခြင်း၊ စုံစမ်းရေးအဖွဲ့ ဖွဲ့ပြီး စုံစမ်းစစ်ဆေးခြင်းများကို ILO-GBအစည်းအဝေးများအဆင့်ဆင့်မှနေ ညီလာခံများအထိ သွတ်သွင်းအတည်ပြုချက်ရယူပြီး ဖိအားပေးလာခဲ့ခြင်းပင်ဖြစ်ကြောင်း။

ပေါ်လွင်ထင်ရှား

ILO၏ နိုင်ငံရေး ဆက်နွှယ်နေသည့်တောင်းဆိုချက်များအပေါ် မြန်မာနိုင်ငံအနေဖြင့် ပကတိအခြေအနေကို ထင်ဟပ်စေသည့် အရိုးသားဆုံးနှင့် အပွင့်လင်းဆုံး ဖြေကြား၊ပြန်ကြားမှုများပြုခဲ့ကြောင်း၊ အဓမ္မခိုင်းစေမှုပပျောက်ရေးအတွက် ILO ၏ ထောက်ပြချက်တွေကို မြန်မာနိုင်ငံသည် မည်သည့်အချိန်ကမျှ ဥပေက္ခာမပြုခဲ့ကြောင်း၊ တစိုက်မတ်မတ်ဆင့်ကဲဆင့်ကဲ မေးမြန်းစွပ်စွဲနေမှုများကို အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ Obligation များအတိုင်း သိနားလည်စွာ ဆောင်ရွက်ပေးနေသည်ကို ပေါ်လွင်ထင်ရှားစွာ တွေ့ရှိကြရမှာဖြစ်ပါကြောင်း။

နိုင်ငံရေးစင်မြင့်မဟုတ်သည့် ILOကို လက်ဝှေ့ကြိုးဝိုင်းလို အသုံးချပြီး ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအဖြစ်ကနေ ရုန်းထနေရသည့် မြန်မာနိုင်ငံကို ဩဇာတိက္ကမ ကြီးသည့် နိုင်ငံတွေ၊ အဖွဲ့အစည်းတွေက နိုင်ငံရေးပယောဂ မကင်းသည့် ထိုးနှက်ချက်များနှင့် ဖိအားပေးနေကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ဂရုပြုသတိချပ်ရန် လိုအပ်သကဲ့သို့ သတင်းစာဆရာကြီးများအပါအဝင် ပြည်သူတစ်ရပ်လုံး အမှန်အတိုင်း ရှုမြင်သုံးသပ်နိုင်ရန် ယခုကဲ့သို့ ဆက်စပ်တင်ပြရခြင်း ဖြစ်ပါကြောင်း။

ကျောထောက်နောက်ခံပြု

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများကို နိုင်ငံတကာကျင့်ဝတ်ထုံးတမ်းနှင့်အညီ အသိအမှတ်ပြုပြီး အစဉ်တစိုက် အလေးထားဆက်ဆံလာခဲ့ပါကြောင်း၊ သို့သော် ILOကတော့ ၅၄သန်းကျော်သော မြန်မာပြည်သူများအား မထောက်ထားဘဲ ပြည်ပြေးလက်တစ်ဆုပ်စာနှင့်ဖွဲ့ထားသည့် အဆင့်မြင့်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်နှင့် အစိုးရအဖွဲ့၏ အကြီးအကဲဖြစ်သူ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံတွေ့ဆုံခဲ့ပါကြောင်း၊ အထူးအဆင့်မြင့်အဖွဲ့သည် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးတို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အထူးအဆင့်မြင့်အဖွဲ့ကို လက်ခံခြင်းသည် ILO နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့အကြီးအကဲဖြစ်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်လည်းဖြစ်၍ နိုင်ငံရေးအဆင့်မြင့် ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကိုယ်စား ILO အထူးအဆင့်မြင့်အဖွဲ့ကို လက်ခံတွေ့ဆုံခြင်းဖြစ်၍ ပြည့်စုံလုံလောက်မှုရှိကြောင်း မြန်မာအစိုးရဘက်က မှတ်ယူပါကြောင်း။

အခြေအနေမှန်များတင်ပြ

ယင်းနောက်ပိုင်းတွင် ILO အထူးအဆင့်မြင့်အဖွဲ့က သတင်းကြေညာချက် တစ်ရပ်ထုတ်ပြန်ခဲ့ကြောင်း၊ ယင်းသတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံအစိုးရက ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရန်တောင်းဆိုသည့် အချက်များကို ဖော်ပြခဲ့ကြောင်း၊ သတင်းစာဆရာကြီးများ အသေးစိတ် လေ့လာကြည့်ရှုနိုင်ရန်အတွက် အဲဒီအဖွဲ့၏တောင်းဆိုချက်နှင့် မြန်မာနိုင်ငံ၏ပကတိဆောင်ရွက်မှုအခြေအနေမှန်များကို သက်ဆိုင်ရာဘုတ်တွင် ယှဉ်တွဲတင်ပြထားပါကြောင်း။

ယခုရှင်းလင်းတင်ပြခဲ့သည့် မြန်မာနိုင်ငံနှင့် ILO အကြား ပူးပေါင်းဆောင်ရွက်မှုများကို သုံးသပ်ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံသည် နိုင်ငံတကာဆိုင်ရာတာဝန်ကို သိရှိဆောင်ရွက်သော အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ တာဝန်သိတတ်မှုကို ILO အဖွဲ့က အလေးထားခဲ့ခြင်းမရှိဘဲ ဆင့်ကဲဆင့်ကဲ ဖိအားပေးလာသည်ကိုပါ တွေ့ရှိကြရမှာဖြစ်ကြောင်း။

အိုင်အယ်လ်အိုအနေဖြင့် မိမိ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် မိမိထုတ်ပြန်ထားသည့်အမိန့်ကို မိမိကိုယ်တိုင်ချိုးဖောက်ကာ အကြမ်းဖက်သမားကို နိုင်ငံရေးစင်မြင့်ပေါ်တင်ပြီး သိဒ္ဓိတင်ပေးနေ



အလားတူပင် ၂၀၀၃ခုနှစ် ဇူလိုင်လ အတွင်းတွင် သက်ဆိုင်ရာက ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖမ်းမိခဲ့သည့် အကြမ်းဖက်ဖောက်ခွဲရေးသမား နိုင်ယက္ခအပါအဝင်တရားခံကိုးဦးကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတွင် တရားစွဲဆိုခဲ့ပါကြောင်း၊ ယင်းအဖွဲ့တွင် ပါဝင်သည့် ရွှေမန်း(ခ)ဇေယျာဦးနှင့်နိုင်မင်းကြည်(ခ)မင်းကြည်တို့က ၎င်းတို့ ဖောက်ခွဲဖျက်ဆီးရေးလုပ်ရန်အတွက် မောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေက ငွေကြေးများထောက်ပံ့ခိုင်းစေခဲ့ကြောင်း သက်သေထင်ရှားထွက်ဆိုထားပါကြောင်း။

မြန်မာနိုင်ငံအတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက်အဖျက်လုပ်ရပ်များကို ယင်းသို့ သက်သေသက္ခာယအထင်အရှားနှင့် ကြိုးကိုင်လုပ်ဆောင်နေသည့် အကြမ်းဖက်ခေါင်းဆောင် မောင်မောင်၏ ပြစ်မှုတွေကို FTUB ဆိုသည့်ဆိုင်းဘုတ်နှင့် အကာအကွယ်ပေးထားပြီး မောင်မောင်၏ မဟုတ်မဟတ် လုပ်ဇာတ်ခင်းထားသည့် တိုင်ကြားချက်တွေကို ICFTU ကဆောင်ရွက်ပြီး ILO ကို ဆက်လက်တိုင်ကြားခဲ့ခြင်းပင်ဖြစ်ကြောင်း။

မောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေသည် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များပြုလုပ်ရန် ငွေကြေးထောက်ပံ့ကူညီခြင်း၊ ဖောက်ခွဲရေးသမားများနှင့် ဖောက်ခွဲရေးပစ္စည်းများကို အကြိမ်ကြိမ်စေလွှတ်ပို့ပေးခြင်းဖြင့် အကြမ်းဖက်မှုကျူးလွန်နေသူဖြစ်ကြောင်းကို သက်သေအထောက်အထားခိုင်ခိုင်လုံလုံဖြင့် တင်ပြထားပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံပါဝင်ထားသည့် အကြမ်းဖက်မှုနှိမ်နင်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း(၁၁)ခုရှိကြောင်း၊ ယင်းအထဲတွင် International Convention for The Suppression of Terrorist Bombing နဲ့ International Convention for The Suppression of The Financing of Terrorism တို့လည်း ပါဝင်ကြောင်း၊ ယင်းအချက်များသည် ပြည်သစ်ညွန့်ဝေကျူးလွန်နေသည့် အကြမ်းဖက်မှုများပင်ဖြစ်ကြောင်း။

အကြမ်းဖက်သမားသိဒ္ဓိတင်ပေးနေ

ILO ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း အပိုဒ်(၃)အရ ILO အထွေထွေညီလာခံသို့ အစိုးရကိုယ်စားလှယ်များ၊ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များသာ တက်ရောက်ခွင့်ရှိကြောင်း၊ ILO က ထုတ်ပြန်ထားသော Text of The Standing Orders Article (2) မှာလည်း Rights of Admission to Sittings of The Conference နှင့် စပ်လျဉ်းပြီး အသေးစိတ် ဖော်ပြထားပြီးဖြစ်ကြောင်း၊ သို့သော် အကြမ်းဖက်အဖျက်သမားတရားခံပြေး ပြည်သစ်ညွန့်ဝေကို ILO အစည်းအဝေးများသို့ တက်ရောက်ခွင့်ပြုနေခြင်းသည် ILO အနေဖြင့် မိမိ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် မိမိထုတ်ပြန်ထားသည့်အမိန့်ကို မိမိကိုယ်တိုင်ချိုးဖောက်ကာ အကြမ်းဖက်သမားကို နိုင်ငံရေးစင်မြင့်ပေါ်တင်ပြီး သိဒ္ဓိတင်ပေးနေသကဲ့သို့ ဖြစ်နေပါကြောင်း။

မြန်မာနိုင်ငံသည် ILO အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ ကုလသမဂ္ဂအဖွဲ့ကြီး၏ အဖွဲ့ဝင်နိုင်ငံလည်းဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီး၏ပဋိညာဉ်စာချုပ်ပါ အပိုဒ်၂(၇)မှာ "ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းစီရင်ပိုင်ခွင့်အာဏာအတွင်း၌သာ သက်ရောက်သောကိစ္စများတွင် ဝင်ရောက်စွက်ဖက်ရန် အခွင့်အာဏာမရှိ"ဟု အတိအလင်းပြဋ္ဌာန်းထားပါကြောင်း၊ ILO သည် ကုလသမဂ္ဂနှင့်ဆက်သွယ်မှုရှိရန်အတွက် (Agreement Between The United Nations and The International Labour Organization)ကို ချုပ်ဆိုထားကြောင်း၊ ယင်းစာချုပ် Article အရ ILO ကို ကုလသမဂ္ဂက အထူးအေဂျင်စီတစ်ခုအဖြစ် အသိအမှတ်ပြုထားခြင်းဖြစ်ကြောင်း။

ပဋိညာဉ်စာတမ်းလိုက်နာ

ထို့ကြောင့် ILO သည် ကုလသမဂ္ဂ အဖွဲ့နှင့်လည်းကောင်း၊ ကုလသမဂ္ဂစီးပွားရေးနှင့်လူမှုရေးကောင်စီနှင့်လည်းကောင်း အပြန်အလှန်ဆက်သွယ်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အထူးအေဂျင်စီတစ်ခုဖြစ်သဖြင့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို လေးစားလိုက်နာရန် တာဝန်ရှိနေပါကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

အကြမ်းဖက်အဖျက်သမား တရားခံပြေးမောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေဦးစီးသည့် Federation of Trade Unions-Burma (FTUB)ကိုသာ ကျောထောက်နောက်ခံပြုပေးနေကြောင်း တွေ့ရှိရမှာဖြစ်ပါကြောင်း။

ဤနေရာတွင် ပြည်ပြေးအကြမ်းဖက် အဖျက်သမား မောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေအကြောင်း ထပ်မံသိရှိသတိပြုစေနိုင်ရန် ရှင်းလင်းတင်ပြသွားမှာဖြစ်ကြောင်း၊ မောင်မောင်သည် ၁၉၈၉ ခုနှစ်တွင် တစ်ဖက်နိုင်ငံကို ဝရမ်းပြေးအဖြစ်ဖြင့် တိမ်းရှောင်ရင်း ပြည်ပြေးများဖွဲ့ထားသည့် ဒီမိုကရေစီညီညွတ်ရေးတပ်ပေါင်းစု(ဒညတ)ကိုဝင်ရောက်ခဲ့ပြီး အကြမ်းဖက် အဖျက်လုပ်ရပ်များကို ဆက်တိုက်ကျူးလွန်ခဲ့သူပင်ဖြစ်ကြောင်း။

သူ၏ အကျင့်စာရိတ္တပျက်ယွင်းမှုကို ဖုံးကွယ်ရန်နှင့် နိုင်ငံတော်အစိုးရကို ပြည်တွင်းပြည်ပနစ်ဖက်ညှပ်ပြီး တိုက်ခိုက်နိုင်ရန် ရည်ရွယ်ချက်နှင့် မောင်မောင်သည် မြန်မာနိုင်ငံပျက်စီးရာပျက်စီးကြောင်း အကြမ်းဖက်အဖျက်လုပ်ရပ်တွေကို တစိုက်မတ်မတ် ဆောင်ရွက်နိုင်အောင်နှင့်အနောက်အဖွဲ့အစည်းတွေနှင့်ပေါင်းပြီး အလုပ်သမားမျက်နှာစာက ထိုးနှက်တိုက်ခိုက်နိုင်အောင် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ FTUB ဆိုသည်ကို ဖွဲ့စည်းဆောင်ရွက်လာခဲ့ပါကြောင်း။

မောင်မောင်ကို FTUB ဆိုသည့် ဆိုင်းဘုတ်အောက်တွင် လူလူသူသူဖြစ်အောင် အယောင်ဆောင်ခိုင်းခဲ့သူက ဗန်ကောက်တွင် ရုံးစိုက်ထားသည့် AAFLI (Asian American Free Labour Institute)မှ အမေရိကန်နိုင်ငံသား John Osolink Jr. ဆိုသူပင်ဖြစ်ပါကြောင်း၊ သဘောကတော့ အကြမ်းဖက်အဖျက်သမားရာဇဝတ်သားကို တရားဝင်ထောက်ပံ့လျှင် နိုင်ငံတကာက ဝေဖန်လာမည်ဖြစ်၍ ယခုလို FTUB ဆိုသည့် မျက်နှာဖုံးစွပ်ခိုင်းပြီး လူမိုက်မွေး၊ တပည့်မွေးလိုက်ခြင်းပင်ဖြစ်ကြောင်း။

တရားခံပြေးကြေညာ

FTUB အရေခြုံထားသည့် မောင်မောင် ဘာတွေလုပ်ခဲ့သလဲ ဆိုလျှင် ဒညတအတွင်းရေးမှူး အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမား သန်းလွင်နှင့်အတူ အကြမ်းဖက်ဖောက်ခွဲ ဖျက်ဆီးရေးတွေလုပ်ခဲ့ကြောင်း၊ နိုင်ငံ့ခေါင်းဆောင်များကို လုပ်ကြံရန် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးတွေနှင့် အချက်အချာကျသည့်နေရာတွေမှာ ဖောက်ခွဲဖျက်ဆီးဖို့အတွက် ၁၉၉၇ခုနှစ် ဇွန်လတွင် မျိုးအောင်သန့်နှင့်ခင်ကျော်ဆိုသူနှစ်ဦးကို ဖောက်ခွဲဖျက်ဆီးရေး ပစ္စည်းတွေနှင့်အတူ မြန်မာနိုင်ငံအတွင်းသို့ စေလွှတ်ခဲ့ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းက မျိုးအောင်သန့်နှင့်ခင်ကျော်ကို ဖမ်းဆီးမိခဲ့ပါကြောင်း၊ မျိုးအောင်သန့်နှင့်ခင်ကျော်ကို တရားရုံးရှေ့မှောက်တွင် စစ်ဆေးခဲ့ရာတွင် ၎င်းတို့နှစ်ဦး၏ အခိုင်အမာထွက်ဆိုချက်နှင့် သက်သေခံဖောက်ခွဲရေးပစ္စည်းတွေအရ ဖောက်ခွဲဖျက်ဆီးရေးလုပ်ဆောင်ရန် အဓိကကြိုးကိုင်စီစဉ်သူသည် FTUB မှ မောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေဖြစ်ကြောင်း ပြစ်မှုထင်ရှားခဲ့ပါကြောင်း၊ ထို့ကြောင့် တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၂(၂)/ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ(၅၁၂)အရ စစ်ဆေးစီရင်ပြီး ၁၅-၈-၁၉၉၇ရက်နေ့တွင် မောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေကို တရားခံပြေးအဖြစ် အတည်ပြုကြေညာခဲ့ကြောင်း။

သတင်းစာရှင်းလင်းပွဲ (၂/၂၀၀၅)တွင် ပြသထားသော ရှမ်းပြည်နယ်ပူးပေါင်းဆောင်ရွက်ရေးကောင်စီဝင်များ၏ ပုံကိုတွေ့ရစဉ်။ (သတင်းစဉ်)

ရှေ့တန်းဝဲမှယာ	ဦးစိုင်းဒူး (SSA)တွဲ/တွင်းမှူး	ဦးကမ်ရွက်(ကွယ်လွန်) (SSNA) အတွင်းရေးမှူး	ဦးစိုင်းနောင့် (SSA) ဒုဥက္ကဋ္ဌ	ဦးဆေးထင် (SSA) ဥက္ကဋ္ဌ	ဦးလွယ်မောင်း (SSA) ဒုဥက္ကဋ္ဌ	ဦးကိုင်ဖ (SSA)တွဲ/တွင်းမှူး	
အလယ်တန်း	ဦးကောင်တိုင်း (SSA)	ဦးစိုင်းအောင်မြ (SSNA)	ဦးစိုင်းရီ (SSNA)	ဦးယားပီး (SSA)	ဦးပန်ဖ (SSA)	ဦးစိုင်းမွန်း(ထုတ်ပယ်) (SSA)	ဦးကန်န (SSNA)
နောက်တန်း	ဦးစဝ်မုံတုံး	ဦးလှမြင့်	ဦးအုမ်ခေး	ဦးဥတ္တမ	ဦးဂုံခေး	ဦးစိုင်းဟန်စစ်	

မည်သည့်အဖွဲ့အစည်း၏ ပူးပေါင်းကူညီမှု မရရှိသည့်တိုင် မိမိနိုင်ငံနှင့် လူမျိုးကောင်းကျိုး ဦးလည်မသုန်ဆောင်ရွက်သွားမည်

စာမျက်နှာ ၉ မှ

ILO၏ မြန်မာနိုင်ငံအပေါ် အရေးယူဆောင်ရွက်မှုများကို ယထာဘူတကျကျ ခြုံငုံသုံးသပ်ကြည့်လျှင် ILO သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အပိုဒ်(၂)ကို လျစ်လျူရှုပြီး မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် အနေအထားအထိ စည်းကျော်ဘောင်ကျော် ရောက်ရှိနေသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ILOသည် အလုပ်သမားရေးရာကိစ္စများကိုသာ ဆောင်ရွက်ရန် ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ကြောင်းကို ILOဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပါရှိသည့် နိဒါန်း(Preamble)နဲ့ Annex (Declaration Concerning The Aims and Purpose of The ILO) တို့တွင် တွေ့မြင်နိုင်ပါကြောင်း။

တည်ဆဲအစိုးရတစ်ရပ်အား အကြမ်းဖက်လုပ်ရပ်များဖြင့် ဆန့်ကျင်တိုက်ခိုက်နေသည့် အကြမ်းဖက်သောင်းကျန်းသူ မည်သူကိုမဆို အလုပ်သမားသမဂ္ဂတံဆိပ်တပ်ထားရုံဖြင့် ILOကဲ့သို့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းကြီးတစ်ရပ်က အားပေးအားမြှောက် ကျောထောက်နောက်ခံပြုရန် တရားမျှတသော အကြောင်းမရှိပါ။ ထို့ကြောင့် ILO၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ဝေဖန်မှုများ၊ တစ်ဖက်စောင်းနင်းသဘောထားများနှင့် နိုင်ထက်စီးနင်း ဆောင်ရွက်ချက်များသည် ILO ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း အလွန်ပင် သိသာထင်ရှားနေပါကြောင်း။

ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံဖြစ်သည့်အပြင် မိမိနိုင်ငံ၏ ကန့်သတ်ချက်များ၊ အခက်အခဲများကြားက ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်ပြီး ကိုယ့်အားကိုယ်ကိုးကြိုးစားကာ မိမိပြည်သူတစ်ရပ်လုံး အတိဒုက္ခမရောက်ရရေးအတွက် အားထုတ်ကြိုးပမ်းနေရသည့် နိုင်ငံဖြစ်ကြောင်း၊ ယင်းအထဲက အဓမ္မစေခိုင်းစေမှုများ ပပျောက်ရေးနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမျိုးကိုမဆို ဥပေက္ခာပြုခြင်းမရှိဘဲ စိတ်ကောင်းစေတနာမှန်ထားရှိပြီး ILO နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတကာအဖွဲ့အစည်းကြီးတစ်ခုဖြစ်သည့် ILOသည် မြန်မာနိုင်ငံအပေါ် စာနာထောက်ထားမှုမရှိဘဲ အဖွဲ့၏ (၈၇)နှစ်တာ သမိုင်းတွင် မည်သည့်အဖွဲ့ဝင်နိုင်ငံကိုမျှ အရေးယူခဲ့ခြင်းမရှိသည့် Article (33) အရ မြန်မာနိုင်ငံကို အရေးယူရန် ကြိုးပမ်းခဲ့ခြင်းသည် ပူးပေါင်းဆောင်ရွက်မှုကို ဦးစားပေးသော ILO ၏ စစ်မှန်သော လုပ်ရပ်လားဟု မေးခွန်းထုတ်စရာ ဖြစ်လာပါကြောင်း။

မြန်မာနိုင်ငံဘက်က ပူးပေါင်းဆောင်ရွက် လိုက်လျောမှုများ ပြုလုပ်နေသည့်ကြားက မြန်မာနိုင်ငံကို မလိုလားသည့်၊ စာနာထောက်ထားမှုမရှိသည့် နိုင်ငံများ၊ အဖွဲ့အစည်းများ၏ ဖိအားပေးမှုကြောင့် Article (33)အရ မြန်မာနိုင်ငံကို ILO က အရေးယူဆောင်ရွက်ရန် ကြိုးပမ်းခဲ့ကြောင်း၊ ယင်းကဲ့သို့ အစဉ်အလာ(Precedent)မရှိဘဲ တစ်ဖက်သတ် အရေးယူဆောင်ရွက်ရန် အားထုတ်ကြိုးပမ်းလာခြင်းသည် အခြားသောဖွံ့ဖြိုးဆဲ အဖွဲ့ဝင်နိုင်ငံများအတွက် ဆင်ခြင်သုံးသပ် သတိချပ်စရာများ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း။

ပေးဆပ်ရခြင်းများရှိလာ

အဓမ္မခိုင်းစေမှုများ ပပျောက်ရေးဆိုသည့်အချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအရ ဘာသာရေးယုံကြည်ချက်နှင့် မိမိဆန္ဒအလျောက် လိုလိုလားလား ပါဝင်လုပ်အားပေးခြင်း အစဉ်အလာများကိုတောင် ထိခိုက်မှုများရှိလာခဲ့ပါကြောင်း၊ မြန်မာလူမျိုးများ၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာကို မသိနားမလည်သူများ၏ သဘောတရား ကွဲပြားခြားနားမှုကြောင့် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများမှာ အနုတ်လက္ခဏာဆောင်သော ပေးဆပ်ရခြင်းများပင် ရှိလာခဲ့ကြောင်း။

ပြဋ္ဌာန်းချက်တစ်ရပ်ကို လက်တွေ့ကျင့်သုံး (Retify) ပြုလုပ်ရာတွင် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံသည် ပြည်တွင်းဥပဒေများကို ပြဋ္ဌာန်းသတ်မှတ်ပေးရန် တာဝန်(Obligation)ရှိပါကြောင်း၊ ယင်းသို့ ပြဋ္ဌာန်းသတ်မှတ်ပေးထားပြီးပါက ဥပဒေပိုင်း (Law)နှင့် လက်တွေ့ကျင့်သုံးမှုပိုင်း (Practice) ဟူ၍ နှစ်မျိုးဆောင်ရွက်ရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဓမ္မခိုင်းစေမှုပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်(Forced Labour Convention No.29, 1930)ကို လက်ခံကျင့်သုံးခဲ့ရာတွင် နိုင်ငံအများ၏ ကျင့်ထုံးအတိုင်း ဥပဒေရေးရာအပိုင်းနှင့် လက်တွေ့ကျင့်သုံးမှုအပိုင်းဟူ၍ နှစ်ပိုင်းခွဲပြီး ဆောင်ရွက်ခဲ့ပါကြောင်း။

ယင်းဆောင်ရွက်မှု အသေးစိတ်ကို သတင်းစာဆရာကြီးများ ကြည့်ရှုလေ့လာနိုင်ရန် ဘုတ်မှာတင်ပြထားပါကြောင်း။

အဓမ္မခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်ကို ဥပဒေပိုင်းနှင့် လက်တွေ့ကျင့်သုံးမှုအပိုင်းဟု မြန်မာနိုင်ငံက လိုက်နာဆောင်ရွက် အကောင်အထည်ဖော်နေမှုများကို လေ့လာသုံးသပ်ကြည့်မည်ဆိုပါက တရားဥပဒေစိုးမိုးမှု(The Rule of Law)ကိုသာ အလေးပေးဆောင်ရွက်နေပြီး အရပ်ဘက်၊ တပ်ဘက်ဟု ကျောသားရင်သားမခွဲခြားဘဲ အပြစ်ရှိသူများကို တစ်ပြေးညီ အရေးယူအပြစ်ပေးလျက်ရှိနေကြောင်းကို နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် သိရှိနိုင်မှာဖြစ်ကြောင်း။

တလွဲတချော်ဆောင်ရွက်

ILOသည် အဖွဲ့ဝင်နိုင်ငံများတွင် အလုပ်အကိုင် အပြည့်အဝ ရစေရေးအတွက်လည်း တာဝန်ရှိကြောင်း၊ အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းပေးရန် တာဝန်ယူရမည့် ILO အဖွဲ့အနေနှင့် အလုပ်သမားများ၏ အကျိုးစီးပွားပျက်စီးရာရောက်အောင် ဆောင်ရွက်ခဲ့လျှင် အဖွဲ့၏ရည်မှန်းချက်နှင့် မဆီလျော်ဘဲ တလွဲတချော်ဆောင်ရွက်နေခြင်းပင်ဖြစ်ပါလိမ့်မည်ဖြစ်ကြောင်း။

ILOနှင့် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် (၂၉)နှင့် ဆက်စပ်ပြီး အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ကုန်သွယ်မှုပိတ်ပင်သော (Trade Sanction)တစ်ရပ်ကို ချမှတ်ခဲ့ကြောင်း၊ ယင်းပိတ်ပင်မှုကြောင့် မြန်မာနိုင်ငံတွင် လက်ခစားစနစ်နှင့် ဆောင်ရွက်ခဲ့သော အထည်အလိပ်လုပ်ငန်းမှ စက်ရုံပေါင်း ၁၆၀ကျော် ပိတ်ခဲ့ရကြောင်း၊ စက်ရုံပေါင်း ၄၀တွင်လည်း လုပ်သားအင်အားများ လျှော့ချခဲ့ရကြောင်း၊ ထို့ကြောင့် အလုပ်သမားပေါင်း ရှစ်သောင်းကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရပါကြောင်း၊ ၎င်းအလုပ်သမားများကို မှီခိုနေရသည့် မိသားစု လေးသိန်းကျော်လည်း ထိခိုက်နစ်နာစေခဲ့ပါကြောင်း။

ဆင်ခြင်သုံးသပ်တတ်ဖို့လိုအပ်

အထည်ချုပ်လုပ်ငန်းများ ရပ်ဆိုင်းခဲ့ရသည့်အတွက် ယင်းအလုပ်သမားများနှင့် ဆက်စပ်ဖြစ်ပေါ်နေသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ အိမ်ခန်းငှားရမ်းရမှုများ၊ ဘော်ဒါဆောင်ငှားရမ်းမှုလုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ၊ ဒေသန္တရသယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှာလည်း သွယ်ဝိုက်ပြီး ထိခိုက်ကုန်ပါကြောင်း၊ ထို့အပြင် ဝင်ငွေမရှိ၍လည်းကောင်း၊ ဝင်ငွေလျော့နည်းသွား၍လည်းကောင်း အလုပ်သမားမိသားစုများ၏ ဝယ်လိုအားလည်း များစွာလျော့ကျသွားခဲ့ပါကြောင်း၊ အလုပ်မှရပ်စဲခံရသည့် အလုပ်သမားပေါင်း



စိုင်းထွန်းအား ရွက်ဆစ်နှင့်အတူ တွေ့မြင်ရစဉ်။

ရှစ်သောင်းကျော်အတွက် အလုပ်ရှင်များဘက်က အလုပ်ထုတ်နစ်နာကြေးငွေကျပ်သိန်းပေါင်း တစ်သောင်းနှစ်ထောင်ကျော် (၁ ဒသမ ၂ ဘီလီယံကျော်) နှင့် FEC ရှစ်သောင်းကျော်ပေးဆပ်ခဲ့ရ၍ ရင်းနှီးမြှုပ်နှံမှုပမာဏပါလျော့ကျသွားခဲ့ရပြန်ပါကြောင်း၊ ထို့အပြင် တစ်ဦးချင်းစီ၏ ဝယ်လိုအားလည်း ကျဆင်းခဲ့ကြောင်းကို လူသားချင်းစာနာထောက်ထားသောအမြင်ဖြင့် ဆင်ခြင်သုံးသပ်ရှုမြင်တတ်ဖို့ လိုအပ်နေပြီဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံး အေးချမ်းသာယာပြီး နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများပါမကျန် တစ်ပြည်လုံး ဖွံ့ဖြိုးတိုးတက်အောင်၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားတိုးတက်အောင် မနားမနေလုပ်ဆောင် အကောင်အထည်ဖော်ပေးနေသည့် မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုပပျောက်ရေးအတွက် မဆောင်ရွက်နိုင်စရာအကြောင်းမရှိပါကြောင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိနေကြောင်း အမှန်တရားသည် ၅၄သန်းကျော်သော မြန်မာပြည်သူပြည်သားများအကြားမှာ ရှိနေပါကြောင်း။

သုံးသပ်တွေ့ရှိ

ခေတ်အဆက်ဆက်၏ အားနည်းချက်များကြောင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟနေသည့် မြန်မာနိုင်ငံ၏ ဒေသအသီးသီးတွင် လိုအပ်ချက်ကွက်လပ်များစွာရှိနေဆဲဖြစ်၍ တစ်ပြေးညီဖြစ်အောင် နိုင်ငံတော်အစိုးရက အဘက်ဘက်မှ ဖြည့်ဆည်းပေးနေရဆဲဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ မွန်မြတ်မှန်ကန်သည့် ရည်ရွယ်ချက်ဖြင့် စေတနာရှေ့ထားသည့် လုပ်ရပ်များကြောင့် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၏ လက်တွဲဝန်းရံဆောင်ရွက်မှုများဖြင့် တစ်နိုင်ငံလုံး ဆူကြုံနိမ့်မြင့်ကွာဟချက် နည်းနိုင်သမျှလျော့နည်းသွားစေရန်၊ ဒေသအသီးသီး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ကြိုးပမ်း ဆောင်ရွက်နေကြရခြင်းဖြစ်ပါကြောင်း၊ ယင်းလိုအပ်ချက်ကွက်လပ်များကို ပါဝင်ကူညီ ဖြည့်ဆည်းပေးရမည့်အစား ယင်းလိုအပ်ချက်ကွက်လပ်များ ရှိနေပါသေးလားဟု အကွက်ထောက် ခလောက်ဆန်နေခြင်းသည် နိုင်ငံကြီးသားများ၏ ဂုဏ်သိက္ခာ၊ နိုင်ငံတကာအဖွဲ့အစည်းကြီးများ၏ ဂုဏ်အင်္ဂါနှင့် မညီညွတ်ကြောင်း သုံးသပ်တွေ့ရှိရမှာဖြစ်ကြောင်း။

မည်သို့ပင်ရှိစေကာမူ အဓမ္မခိုင်းစေမှု ပပျောက်ရေးအတွက် မြန်မာနိုင်ငံက နိုင်ငံရေးသန္နိဋ္ဌာန်အပြည့်အဝဖြင့် ဆောင်ရွက်ခဲ့သကဲ့သို့ ဆက်လက်ဆောင်ရွက်နေဆဲလည်း ဖြစ်ပါကြောင်း၊ ILO နှင့် ရှေးယခင် အစဉ်အလာအတိုင်း ပူးပေါင်းဆောင်ရွက်ခဲ့သည့်နည်းတူ ရှေ့ဆက်လက်ပြီး အဓမ္မစေခိုင်းမှုများ ပပျောက်ရေးကို လက်တွဲပူးပေါင်း ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ တစ်ဆက်တည်း အသိပေးလိုသည်မှာ မြန်မာနိုင်ငံအနေဖြင့် မည်သည့်အဖွဲ့အစည်း၏ ပူးပေါင်းကူညီဆောင်ရွက်မှုကို မရရှိသည့်တိုင် မိမိနိုင်ငံနှင့် မိမိလူမျိုး၏ ကောင်းကျိုးချမ်းသာအဖြာဖြာအတွက် ဦးလည်မသုန် မျက်ခြည်မပြတ် ဆောင်ရွက်သွားမှာဖြစ်ကြောင်း သတင်းစာဆရာကြီးမှတစ်ဆင့် အသိပေးအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ယနေ့သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်ပတ်သက်ပြီး တားဆီးနှိမ်နင်းရေးဆောင်ရွက်မှုအပိုင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအပိုင်းများကို ရှင်းလင်းတင်ပြသွားမှာဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှုအလေ့အထကို ရှမ်းပြည်နယ်၏ နယ်စပ်ဒေသများတွင် သူ့ကျွန်ဘဝကျရောက်ခဲ့စဉ်က ကိုလိုနီနယ်ချဲ့၏ ပယောဂကြောင့် စတင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး ပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

သက်စွန့်ကြိုးပမ်းဆောင်ရွက်

ထိုကဲ့သို့ဆောင်ရွက်ခဲ့ရာတွင် ၁၉၈၈ခုနှစ်မတိုင်ခင် တပ်မတော်က မိုးဟိန်းစစ်ဆင်ရေးကို အဆင့်(၁၂)အထိ၊ ငရဲပန်းစစ်ဆင်ရေးကို အဆင့်(၈)အထိ၊ တောင်ရန်ရှင်းစစ်ဆင်ရေးကို အဆင့်(၄)အထိ အဆင့်ဆင့်ဆောင်ရွက်ခဲ့သည့်အပြင် တောင်ထိပ်ပန်း၊ အောင်မိုးဟိန်းစစ်ဆင်ရေးများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် ၁၉၈၈ခုနှစ်နောက်ပိုင်း၌ ဘိန်းမှောင်ခိုအဖွဲ့များကို ချေမှုန်းသည့် မုံးကျွတ်စစ်ဆင်ရေး၊ ဘာကျန်တိုက်ပွဲများကိုလည်း ဆင်နွှဲခဲ့ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်မှုများတွင် အောင်မြင်မှုများရခဲ့သလို မိမိတို့ဘက်ကလည်း အရင်းအနှီးများ၊ ဆုံးရှုံးမှုများပေးဆပ်ခဲ့ရကြောင်း၊ ၁၉၈၈ခုနှစ် စက်တင်ဘာလမှ ၁၉၉၈ခုနှစ်ထိ ဆောင်ရွက်ခဲ့သည့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စစ်ဆင်ရေးများတွင် တပ်မတော်သား ၂၅၉ ဦး နိုင်ငံတော်အတွက် အသက်ပေးခဲ့ရသလို ၉၃၇ဦးဒဏ်ရာ ရရှိခဲ့ကြောင်း၊ မိမိတို့တစ်နိုင်ငံတည်းသာ ထိုကဲ့သို့ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့များက ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို နှစ်စဉ်ဇွန်လ၂၆ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့တွင် အခမ်းအနားဖြင့် ဖျက်ဆီးခဲ့သည်မှာ (၁၈)ကြိမ်ရှိပြီးဖြစ်ကြောင်း၊ (၁၈)ကြိမ်အထိ ဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါးပမာဏများကို စာရင်းဇယားများဖြင့် ဘုတ်ပေါ်၌ ပြသထားကြောင်း။

တိုးတက်ပြောင်းလဲလာ

သတင်းစာဆရာကြီးများသိသည့်အတိုင်း ဘိန်းစိုက်ဒေသများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် (အရှေ့ပိုင်း)ဒေသများဖြစ်ကြောင်း၊ ယခင်က သောင်းကျန်းသူများလှုပ်ရှားရာ နယ်မြေဒေသဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုအာဏာစက် ထင်သလောက်မပေါက်ရောက်ခဲ့သည့် နယ်မြေဒေသများပင်ဖြစ်ကြောင်း၊ လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီး နိုင်ငံတော်အကျိုးကို နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကာ ကျရာတာဝန်ကို ယုံကြည်ချက်၊ ခံယူချက်အပြည့်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ဘိန်းစိုက်ဒေသများ လျော့နည်းကျဆင်းလာကြောင်း၊ ဘိန်းထုတ်လုပ်မှုများလည်း ကျဆင်းလာပြီး ဘိန်းစိုက်တောင်သူများ၏ လူနေမှုဘဝများ အထိုက်အလျောက် တိုးတက်ပြောင်းလဲခဲ့သည်ကို တွေ့ရကြောင်း။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ၁၅နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ခုနှစ်မှ ၂၀၁၃-၂၀၁၄ခုနှစ်အထိ စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၅နှစ်စီမံကိန်းကိုပထမ၊ ဒုတိယ၊ တတိယ ငါးနှစ်စီမံကိန်းများ ပိုင်းခြားပြီး ဆောင်ရွက်ခဲ့ရာတွင် ၂၀၀၃-၂၀၀၄ ခုနှစ်၌ ပထမငါးနှစ်စီမံကိန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ပထမငါးနှစ်စီမံကိန်းကာလတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအပိုင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ခဲ့သလို ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေးအတွက် ၂၀၀၂ ခုနှစ် ဧပြီလမှစတင်ပြီး ပန်းတိုင်သစ်စီမံကိန်း(New Destiny Project)ကို အထောက်အကူပြု စီမံကိန်းတစ်ရပ်အနေဖြင့် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

ဘိန်းထုတ်လုပ်မှုကာကွယ်နိုင်

ဤပန်းတိုင်သစ်စီမံကိန်းအရ ဘိန်းစိုက်တောင်သူများ ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်စေရန်အတွက် နိုင်ငံတော်က အစားထိုးသီးနှံစိုက်ပျိုးနိုင်ရန် ပျိုးပင်နှင့်မျိုးစေ့များ ဖြန့်ဖြူးပေးခဲ့သလို ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်ခဲ့သည့် တောင်သူများ စားသောက်ရေး အဆင်ပြေရေးအတွက် ဆန်အိတ် ၁၁၀၀၀နှင့် ဆားအိတ် ၃၀၀၀တို့ကိုဖြန့်ဝေပေးခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရ၏ စေတနာကိုတုံ့ပြန်သည့်အနေဖြင့် ဒေသခံဘိန်းစိုက်တောင်သူများ ကိုယ်တိုင်ကလည်း သူတို့၏ သဘောဆန္ဒအလျောက် ဘိန်းမျိုးစေ့များ လာရောက်အပ်နှံခဲ့သည့်အတွက် ပြည်နယ်၊ တိုင်းများတွင် ဘိန်းမျိုးစေ့များ မီးရှို့ဖျက်ဆီးမှု (၁၁)ကြိမ်ဆောင်ရွက်နိုင်ခဲ့ပြီး ဘိန်းမျိုးစေ့ စုစုပေါင်း ၁၆၃၇၂ ကီလို ဖျက်ဆီးနိုင်ခဲ့သည့်အတွက် ဘိန်း ၄၀၅၇ ဟက်တာစိုက်ပျိုးမှု (တစ်နည်းအားဖြင့်) ဘိန်းဖြူ ၄၄ တန် ထုတ်လုပ်မှုကို ကာကွယ်လိုက်နိုင်သည်ဟု ပြော၍ရကြောင်း။

ထို့ကြောင့် ပန်းတိုင်သစ်စီမံကိန်း၏ ရလဒ်များအပေါ်တွင် အသိအမှတ်ပြုသည့်အနေဖြင့် World Food Programme(WFP) နှင့် INGO များပူးပေါင်းပြီး ဘိန်းမစိုက်ပျိုးတော့သည့် တောင်သူများအတွက် ၂၀၀၃ခုနှစ်တွင် ဆန်တန်ချိန် ၇၆၀၊ ၂၀၀၄ခုနှစ်တွင် ဆန်တန်ချိန် ၄၂၆၉တန်တို့ကို ကူညီပံ့ပိုးပေးခဲ့ကြောင်း။

UNODC က ထုတ်ပြန်သည့် World Drug Report ၏ မှတ်တမ်းများအရ မူးယစ်ဆေးဝါးထုတ်လုပ်မှုသည် မြန်မာနိုင်ငံအနေဖြင့် ၂၀၀၁ခုနှစ်တွင် ၁၈၉၇တန်ရှိခဲ့ရာမှ ၂၀၀၂ခုနှစ်တွင် ၈၂၈တန်၊ ၂၀၀၃ခုနှစ် တွင် တန်၈၁၀၊ ၂၀၀၄ခုနှစ်တွင် တန်၃၇၀သာ ထုတ်လုပ်ခဲ့တော့ကြောင်း အခိုင်အမာတွေ့ရှိခဲ့ကြောင်း၊ ထိုသို့ ထုတ်လုပ်မှု လျော့နည်းကျဆင်းသည်ဆိုသည်မှာ တားဆီးနှိမ်နင်းရေးအပိုင်းတွင် ထိထိရောက်ရောက် ဆောင်ရွက်ခဲ့မှုကြောင့်ပင်ဖြစ်ကြောင်း။

အလားတူ အမေရိကန်နိုင်ငံ Counter Narcotic Center(CNC) နှင့် မြန်မာနိုင်ငံတို့ ဘိန်းစိုက်ပျိုးမှု နှင့်ထုတ်လုပ်မှုတိုင်းတာရေး နှစ်စဉ်ဆောင်ရွက်ခဲ့ရာတွင် ၁၉၉၆ ခုနှစ်၌ ဘိန်းစိုက်ပျိုးမှု ၁၆၃၀၀၀ ဟက်တာနှင့် ထုတ်လုပ်မှုတန် ၂၅၆၀ ရှိခဲ့ရာမှ ၂၀၀၄ခုနှစ်တွင် စိုက်ပျိုးမှု ၃၀၈၈၈ ဟက်တာနှင့် ထုတ်လုပ်မှု ၂၉၂ တန်ထိ တစ်ဟုန်ထိုး ကျဆင်းသွားခဲ့ကြောင်း၊ ယင်းသည် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်၏ သိသာထင်ရှားသည့် အောင်မြင်မှုရလဒ်ပင်ဖြစ်ကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁

စာမျက်နှာ ၁၀ မှ

မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးမှုနှင့်ဖျက်ဆီးမှုအခြေအနေကို ၁၉၉၆ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ စာရင်းဇယားများကို နှိုင်းယှဉ်ကြည့်ခဲ့လျှင် ၂၀၀၂-၂၀၀၃ ဘိန်းစိုက်ရာသီ၌ ဧက ၁၅၆၀ ဖျက်ဆီးနိုင်ခဲ့ပြီး ၂၀၀၃-၂၀၀၄ ခုနှစ် ဘိန်းစိုက်ရာသီ၌ ဧက ၇၆၁၀ အထိ ရှာဖွေဖျက်ဆီးနိုင်ခဲ့ကြောင်း၊ ယခုနှစ် ၂၀၀၄-၂၀၀၅ ဘိန်းစိုက်ရာသီတွင်ဆိုလျှင် ၈၉၅၁ ဧကအထိ ဖျက်ဆီးနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

ဘိန်းဖမ်းဆီးရမိမှုအနေဖြင့် ၂၀၀၂ ခုနှစ်တွင် ၁၈၆၃ ကီလို၊ ၂၀၀၃ ခုနှစ်တွင် ၁၄၈၁ ကီလို၊ ၂၀၀၄ ခုနှစ်တွင် ၆၀၆ ကီလို ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ယခု ၂၀၀၅ ခုနှစ် မတ်လအထိ ဘိန်းဖမ်းဆီးရမိမှုမှာ ၃၀၄ ကီလိုဖြစ်ကြောင်း။

ဖော်ထုတ်ဖျက်ဆီး

ဘိန်းဖြူ ဖမ်းဆီးရမိမှုအနေဖြင့် ၂၀၀၂ ခုနှစ်တွင် ၃၃၄ကီလို၊ ၂၀၀၃ ခုနှစ်တွင် ၅၆၈ ကီလို၊ ၂၀၀၄ ခုနှစ်တွင် ၉၇၄ ကီလို အထိဖမ်းဆီးနိုင်ခဲ့ကြောင်း တွေ့ရကြောင်း၊ ယခု ၂၀၀၅ ခုနှစ်မတ်လအထိ ဘိန်းဖြူ ဖမ်းဆီးရမိမှုမှာ ၃၇ ကီလိုခန့် ဖြစ်ကြောင်း၊ ဘိန်းဖြူချက်စက်ရုံများကိုလည်း ၁၉၉၁ ခုနှစ်မှ ယနေ့အထိ စက်ရုံပေါင်း ၁၄၈ ခု ရှာဖွေဖော်ထုတ် ဖျက်ဆီးခဲ့ပြီး ဖြစ်ကြောင်း၊ အနီးစပ်ဆုံး နှစ်အလိုက် တင်ပြရလျှင် ၂၀၀၂ ခုနှစ်တွင် ကိုးခု၊ ၂၀၀၃ ခုနှစ်တွင် ခုနစ်ခုနှင့် ၂၀၀၄ ခုနှစ်တွင် နှစ်ခု ရှာဖွေဖော်ထုတ် ဖျက်ဆီးနိုင်ခဲ့ကြောင်း။

စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိမှုကိုဆက်လက်တင်ပြရမည်ဆိုလျှင် စိတ်ကြွရူးသွပ်ဆေးပြားများ ကို ၁၉၉၆ ခုနှစ်တွင် စတင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး ဆေးပြား ၅ဒသမ ၉သန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ နှစ်စဉ်ဖမ်းဆီးနိုင်ခဲ့ပြီး အနီးစပ်ဆုံးအနေ ဖြင့် ၂၀၀၂ ခုနှစ်တွင် ဆေးပြား ၉ ဒသမ ၄ သန်း၊ ၂၀၀၃ ခုနှစ်တွင် ဆေးပြား ၄သန်း၊ ၂၀၀၄ ခုနှစ်တွင် ဆေးပြား ၈ ဒသမ ၄သန်း ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ယခု ၂၀၀၅ ခုနှစ် မတ်လအထိ ဖမ်းဆီးရမိမှုမှာ ဆေးပြား ၀ ဒသမ ၇၄ သန်းဖြစ်ကြောင်း။

စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်စက်များကိုလည်း ၁၉၉၈မှ နှစ်စဉ် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ယခုနှစ်အထိ ဆေးပြားထုတ်လုပ်စက် အလုံး၂၀ ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များက နှစ်အလိုက် ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးအရေအတွက်များကို သတင်းစာဆရာကြီးများအလွယ်တကူ လေ့လာနိုင်ရန် ဘုတ်ပေါ်၌ ပြသထားကြောင်း။

ကြီးကြပ်စစ်ဆေး

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အဓိကလိုအပ်သည့် ပစ္စည်းသည် ဓာတုပစ္စည်းဖြစ်ကြောင်း၊ ဘိန်းမှ ဘိန်းဖြူထုတ်လုပ်ရာတွင်ဖြစ်စေ၊ စိတ်ကြွရူးသွပ်ဆေးပြားများထုတ်လုပ်ရာတွင် ဖြစ်စေ ဓာတုပစ္စည်းသည် မရှိမဖြစ်လိုအပ်ကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးတွင် ဓာတုပစ္စည်း ထိန်းချုပ်ကြီးကြပ်ရေးသည် အထူးအရေးကြီးသည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများကို ၂၀၀၄ ခုနှစ် ဇူလိုင် ၁ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း၊ အမှန်မှာ ထိုဓာတုပစ္စည်းများသည် မြန်မာနိုင်ငံမှ မထုတ်လုပ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများကသာ လုပ်ငန်းသုံးအတွက် တရားဝင် တင်သွင်းကြောင်း၊ ဤနည်းဥပဒေများအရ မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်း ၂၅ မျိုးကို မြန်မာနိုင်ငံတွင် ထိန်းချုပ် ဓာတုပစ္စည်းအဖြစ် သတ်မှတ်ပြီး ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ အသုံးပြုခြင်း တို့နှင့် ပတ်သက်ပြီး တရားမဝင်သော လမ်းကြောင်းသို့ ပြောင်းလဲမသွားရေးအတွက် ကြီးကြပ်စစ်ဆေးလျက်ရှိကြောင်း။

ထိုထိန်းချုပ်ဓာတုပစ္စည်းများ မှောင်ခိုမှုနှင့် တရားမဝင်မူးယစ်ဆေးဝါး ဓာတ်ခွဲခန်းများ စုံစမ်းဖော်ထုတ်ခြင်းဆိုင်ရာ ဗီဒီယိုနှင့်သင်တန်းပို့ချခြင်း အစီအစဉ်ကိုလည်း UNODC စီမံကိန်းမှ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့်ဖိလစ်ပိုင် နိုင်ငံများသို့ ထောက်ပံ့ပေးခဲ့ကြောင်း။

ဓာတုဆေးရည်များဖမ်းဆီးရမိမှုသည် ၂၀၀၂ခုနှစ်တွင် ၂၆၄၄၀လစ်တာ၊ ၂၀၀၃ခုနှစ်တွင်၃၆၉၀၄လစ်တာနှင့် ၂၀၀၄ခုနှစ်တွင် ၁၇၉၇၁လစ်တာဖြစ်ကြောင်း၊ ယခု၂၀၀၅ခုနှစ် မတ်လအထိ၂၅၄၆လစ်တာ ဖမ်းဆီးရမိထားကြောင်း၊ အများအားဖြင့် ဘိန်းချက်စခန်းများ ဖော်ထုတ်ဖမ်းဆီးရမိသည့်အခါ ဓာတုဆေးရည်အများအပြား ဖမ်းဆီးရမိလေ့ရှိကြောင်း။

တိုးမြှင့်ဆောင်ရွက်

ဒေသခွဲအတွင်း မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရန်အတွက် UNODC ၏ညှိနှိုင်းမှုနှင့်မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာ (MoU)ကို မြန်မာ၊ တရုတ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ လက်မှတ်ရေးထိုး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ (MoU) အဆင့်မြင့်အရာရှိ အစည်းအဝေးကို တစ်နှစ်တစ်ကြိမ်နှင့် ဝန်ကြီးအဆင့်အစည်းအဝေးကို နှစ်နှစ်တစ်ကြိမ်ကျင်းပခဲ့ပြီး (MoU) အစည်းအဝေးများ၏ သဘောတူညီချက်အရ UNODCက တင်ပြခဲ့သည့် Sub-Regional Action Plan ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ သုံးစွဲမှုလျှော့ချရေး၊ ထုတ်လုပ်မှုလျှော့ချရေးစီမံကိန်းများဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းများအရ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့များ၊ ဥပဒေနှင့်တရားစွဲ အဖွဲ့အစည်းများမှ အရာရှိများ အရည်အသွေးတိုးတက်မြင့်မားလာပြီး အိမ်နီးချင်းနိုင်ငံများမှ တားဆီးနှိမ်နင်းရေးအဖွဲ့များအကြား အချင်းချင်း ချစ်ခင်ရင်းနှီးမှု အပြန်အလှန်ယုံကြည်မှုတို့ဖြင့် နယ်စပ်ဒေသ မူးယစ်ဆေးဝါး ပူးပေါင်းတားဆီးနှိမ်နင်းရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ရုရှားဖက်ဒရေးရှင်း၊ လာအို၊ ဖိလစ်ပိုင်နိုင်ငံတို့နှင့် နှစ်နိုင်ငံသဘောတူစာချုပ်များ ချုပ်ဆိုခဲ့ပြီး တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံများနှင့် နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးကာ မူးယစ်ဆေးဝါး ပူးပေါင်း ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

သတင်းဖလှယ်

မြန်မာ-တရုတ်နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာကို ၂၀၀၁ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ နားလည်မှုစာချွန်လွှာအရ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ဒေသအတွင်း ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် သဘောတူခဲ့ကြောင်း၊ မြန်မာ၊တရုတ် UNODC တို့၏ နယ်စပ်ဒေသ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စီမံကိန်းအရ နယ်စပ်အစည်း အဝေးများ ကျင်းပခြင်း၊ နယ်စပ်ဆက်ဆံရေး(BLO) ရုံးများကို ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ချင်းရွှေဟော်နှင့် ကချင်ပြည်နယ် လွယ်ဂျယ်ဒေသတို့၌ ဖွင့်လှစ်နိုင်ခဲ့ပြီး နှစ်နိုင်ငံ မူးယစ်ဆေးဝါး သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာ-ထိုင်းနှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာကို ၂၀၀၁ခုနှစ် ဇွန်လတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ယင်းစာချွန်လွှာအရ နှစ်နိုင်ငံ နယ်စပ်အစည်းအဝေးများကျင်းပပြီး သတင်းဖလှယ်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် MoU ခြောက်နိုင်ငံ နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံကိန်းအရ တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းတို့၌ နယ်စပ်ဆက်ဆံရေး(BLO)ရုံးများ ဖွင့်လှစ်ထားပြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့နှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ မုန်းကိုးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ဝမ်ကျင်းဒေသများတွင်လည်း နယ်စပ်ဆက်ဆံရေးရုံးများ အသစ်ထပ်မံဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

စိုင်းထွန်းအား ယူနီဖောင်းဖြင့် ရှက်ဆစ်နှင့်အတူတွေ့မြင်ရစဉ်။ (ဝဲအစွန်လူ)

အောင်မြင်မှုရလဒ်ကောင်း

ထူးခြားသည့် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများအနေဖြင့် ယခုနှစ် ဇန်နဝါရီလ၁၇ရက်တွင် တာချီလိတ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချရန်ရှိကြောင်း၊ ထိုင်းနိုင်ငံသားဝယ်ယူမှသာ ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိခဲ့သည့်အတွက် တာချီလိတ် မူးယစ်အထူးအဖွဲ့နှင့် ထိုင်းမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့တို့ ပူးပေါင်းညှိနှိုင်းတိုင်ပင်ပြီး ထိုင်းမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့၏ သတင်းပေးတစ်ဦးကို ဝယ်လက်အဖြစ် အသုံးပြု ထောင်ချောက်ဆင်ဖမ်းဆီးခဲ့ရာတွင် တာချီလိတ်မြို့နယ် ဟောင်လိတ်ကျေးရွာ အုပ်စု တော်ကော့အတွင်းရှိ ပေလိဆိုသူ၏ နေအိမ်ဝင်းအတွင်း ယာဉ်မောင်း အိုက်ဆန်(ခ)အိုက်ကျိုင်းနှင့်အတူ တိုယိုတာကိုရိုလာဆလွန်းအဖြူရောင် လိုင်စင်မဲ့ ယာဉ်နောက်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား လေးသိန်း(ကာလတန်ဖိုး ကျပ်သိန်း ၈၀၀၀ ခန့်)ကိုတွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း၊ ဆက်လက်ပြီး နေအိမ်အခန်းများအတွင်း ရှာဖွေရာ ပစ္စတိုသေနတ် သုံးလက်၊ ၎င်းကျည်ကတ်သုံးခု၊ ကျည် ၅၃တောင့်၊ ရီမင်တန်ပြောင်းရှည်သေနတ်တစ်လက်၊ ၎င်းကျည်ကိုးတောင့်နှင့် စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၄၇၀ ပြား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ဤဖြစ်စဉ်သည် မြန်မာနိုင်ငံ-ထိုင်းမူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုမှ အောင်မြင်မှုရလဒ်ကောင်းတစ်ခုပင် ဖြစ်ကြောင်း။

ယခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်ပထွက်ခွာမည့် ထိုင်ဝမ်မှ လင်ဇင်မင်းဆိုသူအား ရှာဖွေရာ ဝတ်ဆင်လာသည့်အတွင်းခံဘောင်းဘီ၊ ဘောင်းဘီအိတ်နှင့် စီးနင်းလာသော ဖိနပ်အတွင်း၌ သိုဝှက်သယ်ဆောင်လာသည့် ဘိန်းဖြူစုစုပေါင်းအထုပ်၁၂ထုပ်၊ အလေးချိန် ဝဒသမ၆၀၉ကီလို(ကာလတန်ဖိုး ကျပ်၄၈၇သိန်း)ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ Grand Plaza Park Royal ဟိုတယ်၌ ကျန်ရှိခဲ့သည့် ထိုင်ဝမ်နေ ချူတေးဝေထံမှ ဘိန်းဖြူ ဘလောက်တုံးသုံးတုံးနှင့် အထုပ်လေးထုပ်၊ အလေးချိန် ဝဒသမ၈၅ ကီလို(ကာလတန်ဖိုးကျပ်သိန်း၆၈၀) ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း။

ဤအမှုနှင့်ဆက်စပ်ပြီး ကွင်းဆက်တရားခံများကို ဆက်လက်စစ်ဆေးဖော်ထုတ်ခဲ့ရာတွင် ပြည်ပသို့တင်ပို့မည့်သစ်အချောထည် ပွတ်လုံးတိုင် ၃၉၆လုံးအတွင်း လျှို့ဝှက်ထည့်သွင်းထားသော စိတ်ကြွဆေးပုံဆောင်ခဲ (အိုက်စ်) ၁၇၈ ကီလိုကိုလည်း ထပ်မံဖော်ထုတ် သိမ်းဆည်းနိုင်ခဲ့ကြောင်း။

ဆက်လက်ပြီး လင်ဇင်မင်းနှင့် ချူတေးဝေထံတွင် တွေ့ရှိခဲ့သည့် ဘိန်းဖြူနှင့်ဆက်စပ်ပြီး ကွင်းဆက်တရားခံ အားဖင်(ခ)စန်းစင်ချင်၏ ထွက်ဆိုချက်အရ ဇန်နဝါရီလ၂၇ရက်တွင် ရွှေပြည်သာမြို့နယ်နေ စိုင်းညီညီလွင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာတွင် နောက်ဖေးအိမ်သာကျင်းအတွင်း သိုဝှက်ထားသည့် ဘိန်းဖြူစုစုပေါင်း ၁၅ဒသမ၂၈ကီလို (ကာလတန်ဖိုး ကျပ်သိန်း ၁၂၂၄)ကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း။ ယခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင်လည်း ရန်ကုန်လေဆိပ်၌ ရန်ကုန်မှ တိုင်ပေကိုထွက်ခွာမည့် လင်းဝေလျားဆိုသူ၏ ခရီးဆောင်အိတ်အတွင်းမှ ဘိန်းဖြူ ၂ ဒသမ ၈ ကီလို (ကာလတန်ဖိုး ကျပ်သိန်း ၂၂၄၀)ခန့် ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ခဲ့ရာတွင် ဗဟန်းမြို့နယ် ရွှေနံ့သာရပ်ကွက် ကွမ်ရင်စီ တရုတ်ဘုရားကျောင်းဝန်းအရိုးအိုးများ ထားရှိရာနေရာ၌ ထားရှိသော ကြွေအိုးတစ်လုံးအတွင်းမှ ဘိန်းဖြူစုစုပေါင်း ၂ ဒသမ ၈၂ ကီလို(ကာလတန်ဖိုး ကျပ် ၂၂၅၆သိန်း)ထပ်မံရှာဖွေဖော်ထုတ်သိမ်းဆည်း အရေးယူနိုင်ခဲ့ကြောင်း။

ယခု တင်ပြခဲ့ခြင်းများသည် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် တားဆီးနှိမ်နင်းရေးအပိုင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအပိုင်းများကို ရှင်းလင်းတင်ပြခြင်းပင်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ရှင်းလင်းတင်ပြသွားသည့် အကြောင်းအရာများနှင့် ဆက်စပ် ပတ်သက်နေသည့် ရှက်ဆစ်ခေါင်းဆောင်သော SURA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က ရှမ်းပြည်လွတ်မြောက်ရေးဟူသည့် မျက်နှာဖုံးစွပ်ပြီး နောက်ကွယ်၌ မူးယစ်ဆေးဝါးရောင်းဝယ် ထုတ်လုပ်နေမှုများ၊ ၎င်းကိစ္စနှင့် ဆက်စပ်ပတ်သက်နေမှုများနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဖြည့်စွက်ရှင်းလင်း ပြောကြားရာတွင် မိမိအနေဖြင့် သတင်းထုတ်ပြန်ရေးအဖွဲ့က ယခု ရှင်းလင်းချပြခဲ့သည့် ကိစ္စများနှင့်ပတ်သက်၍ ဆက်စပ်ပြီး ဖြည့်စွက်ရှင်းလင်းသွားမည် ဖြစ်ပါကြောင်း။

သတင်းစာဆရာကြီးများ သိရှိပြီးဖြစ်သည့်အတိုင်း နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေးကိစ္စကို အမျိုးသားရေးတာဝန်အဖြစ် အလေးအနက်ခံယူပြီး ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတို့ကို ခေတ်အဆက်ဆက် စီမံချက်များချပြီး ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတကာနှင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်လည်းကောင်း ပူးပေါင်း၍လည်း ဆောင်ရွက်ခဲ့ကြောင်း၊ ယခုလည်း ဆောင်ရွက်နေကြောင်း၊ တင်ပြခဲ့သည့်အကြောင်းအရာ ကိန်းဂဏန်းများအရရောဘုတ်များတွင်ကပ်ပြီး တင်ပြထားသည့် စာရင်းဇယားများ အရပါကြည့်မည်ဆိုလျှင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတွင် နိုင်ငံတော်အနေဖြင့် မည်မျှထိ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်က မည်မျှထိ အသက်သွေး၊ ချွေးအရင်းအနှီးများ ပေးဆပ်ခဲ့ရသည်။ ထို့ကြောင့်လည်း မည်မျှထိ အောင်မြင်မှုများရခဲ့သည်ဆိုတာ ပေါ်လွင်နေသည်ကို တွေ့ရမှာဖြစ်ကြောင်း။

မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ မူးယစ်ဆေးဝါးပပျောက်အောင် ကြိုးပမ်းဆောင်ရွက်နေသော်လည်း နယ်စပ်၌အခြေပြုနေသည့် ရှက်ဆစ်ခေါင်းဆောင်သော SURA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ကမူ ရှမ်းပြည်လွတ်မြောက်ရေးဆိုသည့် မျက်နှာဖုံးစွပ်ပြီး နောက်ကွယ်က မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ် ကိုယ်ကျိုးရှာနေသည်ကိုတွေ့ကြရမှာဖြစ်ကြောင်း၊ ယင်းအဖွဲ့ကထုတ်လုပ်သည့် ဘိန်းဖြူများကို နယ်စပ်အနီး တစ်ဖက်နိုင်ငံအတွင်း

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

နောက်ကွယ်ကမူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်ကိုယ်ကျိုးရှာနေ

❑ မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ မူးယစ်ဆေးဝါးပပျောက်အောင် ကြိုးပမ်းဆောင်ရွက်နေသော်လည်း နယ်စပ်၌အခြေပြုနေသည့် ရှက်ဆစ်ခေါင်းဆောင်သော SURA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ကမူ ရှမ်းပြည်လွတ်မြောက်ရေးဆိုသည့် မျက်နှာဖုံးစွပ်ပြီး နောက်ကွယ်က မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ် ကိုယ်ကျိုးရှာနေသည်ကိုတွေ့ကြရမှာဖြစ်။

စာမျက်နှာ ၁၁ မှ

ရောင်းချစဉ် တစ်ဖက်နိုင်ငံရဲက ဖမ်းဆီးမိသည့်သတင်းများကို သတင်းစာဆရာကြီးများလည်း ကြားသိကြပြီးဖြစ်ပါကြောင်း၊ သတင်းစာဆရာကြီးများကြည့်ရှုနိုင်ရန် ဘုတ်တွင်လည်းအသေးစိတ်ကပ်ပေးထားကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်မှု၊ အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုများကို အနှောင့်အယှက်ပြုနေသည့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်သောင်းကျန်းမှုများကို တိုက်ခိုက်ချေမှုန်းနေသကဲ့သို့ ၎င်းလုပ်ရပ်များနှင့်တွဲဖက်နေသည့် မူးယစ်ဆေးဝါးထုတ်လုပ် ရောင်းချခြင်းများကိုလည်း တစ်ပြိုင်တည်းတိုက်ခိုက်ချေမှုန်းလျက်ရှိကြောင်း၊ သို့သော်လည်း တချို့သော NGO အပါအဝင် အချို့အဖွဲ့များက ရွက်ဆစ်ကဲ့သို့ ဘိန်းစားပြသောင်းကျန်းသူကိုပင်လျှင် လှို့ဝှက်ထောက် ခံအားပေးသည့် လုပ်ရပ်မျိုးများဆောင်ရွက်နေသည်ကို ဝမ်းနည်းဖွယ်တွေ့ရှိရကြောင်း။

ထို့အပြင် SURA ဘိန်းစားပြရွက်ဆစ်နှင့် အခြားဆက်စပ်နေမှုများကိုလည်း အနည်းငယ်ဆက်လက် ရှင်းလင်းလိုကြောင်း။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးအဖွဲ့များဖြစ်သော SSA(ရှမ်းပြည်တပ်မတော်)၊ SSNA(ရှမ်းပြည်အမျိုးသားတပ်မတော်) တို့သည် နိုင်ငံရေးပူးပေါင်း ဆောင်ရွက်ရန်အတွက် တရားဝင်နိုင်ငံရေးပါတီတစ်ခုဖြစ်သည့် SNLD (ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်) နှင့် ၁၉၉၆ ခုနှစ်အတွင်းတွင် စတင်ဆက်သွယ်ဆောင်ရွက်ခဲ့ကြကြောင်း၊ ၁၉၉၆ ခုနှစ်တွင် SNLD ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးသည် ရှမ်းပြည်နယ်အတွင်းရှိ SSA ဌာနချုပ် စိန်ကျော့သို့ သွားရောက်ခဲ့ပြီး ဦးဆေးထင်၊ SSA နှင့် SSNA တို့မှ တာဝန်ရှိသူများနှင့် နိုင်ငံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှု စသည့်ကိစ္စများ ဆွေးနွေးခဲ့ကြောင်း၊ ယင်းသို့ ဆွေးနွေးညှိနှိုင်းကြပြီးနောက် ၁၉၉၆ ခုနှစ်အတွင်းမှာပင် SSA၊ SSNA နှင့် SNLD တို့ပူးပေါင်းပြီး "ရှမ်းပြည်နယ်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ"(Shan Sate Joint Action Committee- SSJAC) ကို ဖွဲ့စည်းခဲ့ကြကြောင်း၊ SSJAC ၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပြီး နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုကို ဖုံးကွယ်နိုင်ရန်အတွက် အခြားရှမ်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှု ကိစ္စများကိုပါ ပူးတွဲဖုံးကွယ်ဆောင်ရွက်ရန် သတ်မှတ်ခဲ့သည်ဟု သိရကြောင်း၊ ၎င်း SSJAC တွင် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး(SNLD ဥက္ကဋ္ဌ)၊ ဒုဥက္ကဋ္ဌ ဦးဆေးထင်၊ အတွင်းရေးမှူး ဦးကန်ရွက်(SSA)နှင့် အဖွဲ့ဝင် ဦးလွယ်မောင်း (SSA)တို့ ပါဝင်သည်ဟု သိရကြောင်း၊ ဦးကန်ရွက် ကွယ်လွန်သွားသည့်အခါ ဦးစိုင်းညွန့်လွင်(SNLD)က အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်ဟု သိရကြောင်း။

တာဝန်ရှိသူများကိုရှင်းလင်းခဲ့

ထိုကဲ့သို့ SSJAC ကိုဖွဲ့စည်းပြီးနောက် SSJAC၏ ညှိနှိုင်းသဘောတူညီချက်အရ SSA နှင့် SSNA အဖွဲ့တို့သည် ၁၉၉၆ ခုနှစ်အတွင်းမှာပင် SSPC (ရှမ်းပြည်နယ် ငြိမ်းချမ်းရေးကောင်စီ)ကို ဖွဲ့စည်းခဲ့ကြသည်ဟု သိရကြောင်း၊ ၎င်းအဖွဲ့၏ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များကို သတင်းစာဆရာကြီးများ သိရှိနိုင်အောင် ဘုတ်တွင်ကပ်ပေးထားကြောင်း၊ ၎င်းအဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ အချင်းချင်းတိုက်ခိုက်မှုမပြုရေးနှင့် နိုင်ငံရေးကိစ္စများတွင် သောင်းကျန်းသူအဖွဲ့များအပါအဝင် အားလုံးနှင့် ညှိနှိုင်းဆောင်ရွက်ရန် ဖြစ်သည်ဟုသိရကြောင်း၊ ၎င်း SSPC အောက်တွင် စစ်တိုင်းသုံးခု ဖွဲ့စည်းပြီးဆောင်ရွက်ရန်၊ နိုင်ငံရေးနှင့် အချင်းချင်း မတိုက်ခိုက်ရေးကိစ္စများတွင် လက်ရှိသောင်းကျန်းသူအဖွဲ့များဖြစ်သည့် KNU၊ ABSDF၊ ဦးခူထဲဘူးပဲနှင့် ဦးအောင်သန်းလေးဦးစီးသည့် KNPP တို့နှင့်လည်းကောင်း၊ ဥပဒေဘောင်အတွင်းဝင်ရောက်ပြီးဖြစ်သည့် အခြားငြိမ်းချမ်းရေးအဖွဲ့များနှင့်လည်းကောင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် စီမံထားသည်ဟု သိရကြောင်း။

၎င်းကဲ့သို့ SSPC ဖွဲ့စည်းခြင်းမှာ ငြိမ်းချမ်းရေးယူစဉ်က သတ်မှတ်ထားသည့် စည်းကမ်းများနှင့်မကိုက်ညီခြင်း၊ လက်ရှိသောင်းကျန်းသူအဖွဲ့အစည်းများနှင့်ပါ ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ခြင်းတို့ကြောင့် ထိုသို့ SSPC ဖွဲ့စည်းဆောင်ရွက်ခြင်းကို နိုင်ငံတော်အစိုးရက အသိအမှတ်မပြုကြောင်း ပြောကြားထားခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့အသိအမှတ်မပြုကြောင်း၊ ခွင့်မပြုကြောင်းကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လွှိုင်ကိုယ်တိုင် သက်ဆိုင်ရာ တာဝန်ရှိသူများကို ရှင်းလင်းပြောပြခဲ့ခြင်းဖြစ်ကြောင်း။

တစ်ဖန် ၁၃-၉-၁၉၉၆ ရက်နေ့တွင် SURA ခေါင်းဆောင် ရွက်ဆစ်သည် SSA ဌာနချုပ် စိန်ကျော့သို့ရောက်ရှိလာပြီး SSA၊ SSNA နှင့် SURA အဖွဲ့သုံးဖွဲ့ပေါင်းပြီး "သုံးပွင့်ဆိုင်ပေါင်းစည်းညီညွတ်ရေးသဘောတူစာချုပ်"ချုပ်ဆိုခဲ့ကြောင်း၊ ၎င်းစာချုပ်ကို SSA မှ ဗိုလ်မှူးကြီးစိုင်းနော်၊ SSNA မှ ဗိုလ်မှူးကြီးကန်ရွက်နှင့် SURA မှ ရွက်ဆစ်တို့လက်မှတ်ရေးထိုးခဲ့ကြသည်ဟု သိရကြောင်း၊ ၎င်းအဖွဲ့တို့ SSPC ကို အခြေခံထားပြီး ရှမ်းပြည်အမျိုးသားအဖွဲ့ချုပ်(Shan State National Organization-SSNO)ဟု ခေါ်တွင်သည့် တစ်ခုတည်းသောအဖွဲ့အဖြစ်လည်းကောင်း၊ SSA ကို တစ်ခုတည်းသော ရှမ်းပြည်တပ်မတော်အဖြစ်လည်းကောင်း သတ်မှတ်ခဲ့ကြသည်ဟု သိရှိရကြောင်း။

ထို့အပြင် ၂၀၀၅ ခုနှစ် မတ်လ ၇ ရက်နေ့၌ ထိုင်းနိုင်ငံ အာဏာပိုင်များက ရွက်ဆစ်ဦးစီး ဘိန်းစားပြအကြမ်းဖက်အဖွဲ့ဝင်တစ်ဦးထံမှ ဘိန်းဖြူများ ဖမ်းဆီးရမိမှုအပေါ် ရွက်ဆစ်အဖွဲ့က ကြေညာချက်ထုတ်ခဲ့သည်ကို တွေ့ရကြောင်း၊ ယင်းကြေညာချက်တွင် ထိုဘိန်းဖြူရောင်းသူနှင့် ဘိန်းဖြူများမှာ RCSS နှင့်လည်းကောင်း၊ SSA နှင့်လည်းကောင်း မသက်ဆိုင်ကြောင်း ဖော်ပြထားကြောင်း၊ ဤနေရာတွင် ၎င်းတို့အဖွဲ့၏ မူရင်းအမည်ဖြစ်သည့် SURA ဟု မသုံးဘဲ SSA ဟု သုံးစွဲထုတ်ပြန်သည်ကို ကြည့်ခြင်းအားဖြင့် ရွက်ဆစ်သည် SSA နှင့် တပေါင်းတစည်းတည်းဖြစ်နေသည့် သဘောကို ထင်ရှားစွာ တွေ့ရှိရကြောင်း၊ ၎င်းတို့၏ ကြေညာချက်ကိုလည်း သတင်းစာဆရာကြီးများ ကြည့်ရှုနိုင်ရန် ဘုတ်တွင်ကပ်ထားကြောင်း။

လေ့လာနိုင်

ထို့အပြင် ရွက်ဆစ်ဦးစီးသည့်ဘိန်းစားပြအဖွဲ့က "ရှမ်းပြည်နယ် ပြန်လည်ရှင်သန်ရေးကောင်စီ" (Restoration Council of Shan State - RCSS) ဆိုသောအဖွဲ့ကိုလည်း ဖွဲ့စည်းထားကြောင်း၊ ၎င်းအဖွဲ့တွင် ဥက္ကဋ္ဌ ရွက်ဆစ်၊ ဒုဥက္ကဋ္ဌစိုင်းအောင်မတ်၊ အတွင်းရေးမှူးစဝ်ဆေးဆမ်၊ ဒု-အတွင်းရေးမှူး စိုင်းထိုင်း၊ ဘဏ္ဍာရေးမှူး စိုင်းသာဦး၊ စစ်ရေးခေါင်းဆောင် စဝ်အွတ်ကျော်၊ စည်းရုံးရေးမှူး စဝ်ဝိန်မိန်းနှင့် အဖွဲ့ဝင် ၁၅ဦးတို့ပါဝင်သည် ဟု သိရကြောင်း၊ ၎င်း SSPC၊ SSJAC နှင့် RCSS တို့၏ အသေးစိတ်ဖွဲ့စည်းမှု ဇယားများကိုလည်း သတင်းစာဆရာကြီးများ လေ့လာနိုင်အောင် ဘုတ်တွင် ကပ်ပေးထားကြောင်း။

ဆက်လက်ပြီး "ရှမ်းပြည် ပညာရှင်များ အတိုင်ပင်ခံကောင်စီ" ဆိုသည့် အဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းပြမှာဖြစ်ကြောင်း။

၂၀၀၄ ခုနှစ် နိုဝင်ဘာ ၄ ရက်နေ့တွင် ရှမ်းပြည် သီပေါမြို့နယ် စိန်ကျော့ကျေးရွာ၌ SSA၏ ငြိမ်းချမ်းရေးရယူသော (၁၅)နှစ်မြောက် အထိမ်းအမှတ်ပွဲ တစ်ပွဲပြုလုပ်ခဲ့ရာ ငြိမ်းချမ်းရေးရယူထားသည့် SSA နှင့် SSNA အဖွဲ့မှ ကိုယ်စားလှယ်များ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ (SNLD)မှ ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးနှင့် အတွင်းရေးမှူး စိုင်းညွန့်လွင်၊ JAC (ခ)Joint Action Committee အဖွဲ့ဝင်များ၊ မျိုးဆက်သစ်(ရှမ်းပြည်)အဖွဲ့မှ ဦးမြင့်သန်းနှင့် အဖွဲ့ဝင်များတက်ရောက်ခဲ့သည်ဟု သိရကြောင်း၊ ယင်းအထိမ်းအမှတ် အစည်းအဝေးတွင် SNLD ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး "ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီ" ဖွဲ့စည်းဆောင်ရွက်ရန် တက်ရောက်ခဲ့သူအားလုံးက သဘောတူညီခဲ့ကြသည်ဟုသိရကြောင်း၊



စိုင်းထွန်းကိုင်ဆောင်သည့် ထိုင်းနိုင်ငံသား မှတ်ပုံတင်ကတ်နှင့် SURA တပ်ဖွဲ့ဝင် ကတ်ပြားအား ရှေ့ဘက်မှ တွေ့မြင်ရပုံ။



ထို့အပြင် အဆိုပါ ကောင်စီဖွဲ့စည်းဖြစ်မြောက်ရေး ကော်မတီကိုလည်း တစ်ပါတည်း ဖွဲ့စည်းခဲ့သည်ဟုသိရကြောင်း။

ယင်းဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းပြီး တစ်ရက်အကြာဖြစ်သည့် ၆-၁၁-၂၀၀၄ ရက်နေ့တွင် SSA ဌာနချုပ် စိန်ကျော့ကျေးရွာမှာပင် ပထမအကြိမ် အစည်းအဝေးပြုလုပ်ခဲ့ကြောင်း၊ ယင်းအစည်းအဝေးက ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီကို ဥက္ကဋ္ဌ၊ အတွင်းရေးမှူးစသည်ဖြင့် မဖွဲ့စည်းဘဲ လုပ်ငန်းတစ်ခုလုံးကို ဦးမြင့်သန်းမှ ဦးဆောင်ရန်" ဆုံးဖြတ်ခဲ့သည်ကို သိရှိရကြောင်း။

စတင်ဖွဲ့စည်းခဲ့

ယင်းကဲ့သို့ "ရှမ်းပြည်ပညာရှင်များအတိုင်ပင်ခံကောင်စီဖြစ်မြောက်ရေး ကော်မတီ"၏ ပထမအကြိမ် အစည်းအဝေးပြီးနောက် ဒုတိယအကြိမ် အစည်းအဝေးကို ၂၂-၁၂-၂၀၀၄ ရက်နေ့တွင် လားရှိုးမြို့ မြဝတီမင်းကွင်းရှိသည့် ဦးဆေးထင်၏နေအိမ်၌ ထပ်မံပြုလုပ်ခဲ့သည်ဟုသိရှိရကြောင်း၊ ယင်းအစည်းအဝေးတွင် "ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီ"ကို အောက်ပါ ပုဂ္ဂိုလ်များအပါအဝင်ဖြင့် စတင်ဖွဲ့စည်းခဲ့သည်ဟု သိရကြောင်း၊ ၎င်းတို့မှာ-

(၁) ဦးခွန်ပန် (SSA မြောက်ပိုင်းကိုယ်စားလှယ်၊ ဘုရားဖြူရွာ၊ တောင်ကြီး)၊
(၂) ဦးစဝ်ဦးကြာ (SSNA ကိုယ်စားလှယ်၊ သီပေါ)၊
(၃) ဦးမြင့်သန်း (မျိုးဆက်သစ်ရှမ်းပြည်)၊
(၄) ဦးကျော်ဝင်း (အင်းသား) (မျိုးဆက်သစ်ရှမ်းပြည်)၊
(၅) ဦးဘသင် (မျိုးဆက်သစ် ရှမ်းပြည်)၊
(၆) စိုင်းခမ်းဆိုင် (လားရှိုး)၊
(၇) ဒေါက်တာ စိုင်းမောက်ခမ်း (လားရှိုး)

ယင်းသို့ ဒုတိယအကြိမ် အစည်းအဝေးက ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီအဖွဲ့ကို အတည်ပြုဖွဲ့စည်းခဲ့သကဲ့သို့ ယင်းကောင်စီက အမျိုးသားညီလာခံကိုတက်ရောက်မည့်ရှမ်းပြည်နယ်မှ ငြိမ်းချမ်းရေးအဖွဲ့များ အနေဖြင့် ညီလာခံတွင် "စစ်မှန်သောပြည်ထောင်စုနှင့် ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် အကြိတ်အနယ်ဆွေးနွေးရန်" အလေးအနက် တိုက်တွန်းခဲ့သည်ဟု သိရကြောင်း။

ယင်းဒုတိယအကြိမ်အစည်းအဝေးပြီးသည့်နောက် တတိယအကြိမ် အစည်းအဝေးကို ရှမ်းပြည်နယ်နေ့ဖြစ်သည့် ၇-၂-၂၀၀၅ ရက်နေ့တွင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအစည်းအဝေးကို ဦးဆောင်ပြုလုပ်ခဲ့သည့်ပုဂ္ဂိုလ်များမှာ-

(၁) ဦးဆေးထင်
(၂) ဦးဘသင် (မျိုးဆက်သစ်ရှမ်းပြည်)
(၃) ဦးရွှေအုံး (ဖျက်သိမ်းပြီး ရှမ်းပြည်တိုင်းရင်းသားလူမျိုးစုများ ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း)
(၄) ဦးမြင့်သန်း (မျိုးဆက်သစ်ရှမ်းပြည်)
(၅) ဦးညီမိုး (မျိုးဆက်သစ်ရှမ်းပြည်)
(၆) ဦးမျိုးဝင်းထွန်း (မျိုးဆက်သစ်ရှမ်းပြည်)
(၇) ဦးထွန်းညို (မျိုးဆက်သစ်ရှမ်းပြည်)
(၈) ဦးစိုင်းလှအောင် (SNLD ဗဟိုကော်မတီဝင်)နှင့်
(၉) ဦးသာဦး (SNLD အဖွဲ့ဝင်)တို့ ဖြစ်ကြကြောင်း။

အတည်ပြုဖွဲ့စည်း

ယင်းအစည်းအဝေးတွင် ဦးဆေးထင်က အမှာစကားပြောကြားပြီး ဦးရွှေအုံးက အတိုင်ပင်ခံကောင်စီဖွဲ့စည်းမှုကို ထောက်ခံပြောကြားခဲ့ကြောင်း၊ ဆက်လက်ပြီး ရှမ်းပြည်ပညာရှင်များအတိုင်ပင်ခံကောင်စီ၏ သဘောထားကြေညာချက်၊ မျိုးဆက်သစ်(ရှမ်းပြည်)၏သဘောထားကြေညာချက်နှင့် လူငယ်ကျောင်းသားများ၏ သဘောထားကြေညာချက်များကို ဖတ်ကြားခဲ့သည်ဟု သိရကြောင်း၊ ယင်းနောက် "ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံ ကောင်စီ" ကို အောက်ပါပုဂ္ဂိုလ်များ အပါအဝင်ဖြင့် အတည်ပြုဖွဲ့စည်းခဲ့သည်ဟု သိရပါကြောင်း၊

၎င်းပုဂ္ဂိုလ်များမှာ-

(၁) ဦးခွန်ပန် (SSA ကိုယ်စားလှယ်၊ တောင်ကြီး)
(၂) ဦးစဝ်ဦးကြာ (SSNA ကိုယ်စားလှယ်၊ သီပေါ)
(၃) ဦးမြင့်သန်း (မျိုးဆက်သစ်အဖွဲ့၊ တောင်ကြီး)
(၄) ဦးဘသင် (မျိုးဆက်သစ်အဖွဲ့၊ တောင်ကြီး)
(၅) ဦးကျော်ဝင်း (အင်းသား) (မျိုးဆက်သစ်အဖွဲ့၊ တောင်ကြီး)
(၆) ဒေါက်တာစိုင်းမောက်ခမ်း (လားရှိုး)နှင့်
(၇) ဦးစိုင်းခမ်းဆိုင် (လားရှိုး) တို့ ဖြစ်ကြကြောင်း။

ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီကို အထက်ပါအတိုင်း အတည်ပြု ဖွဲ့စည်းခဲ့သော်လည်း အဓိကအားဖြင့် ဦးဆေးထင်၊ ဦးခွန်ထွန်းဦး၊ ဦးစိုင်းညွန့်လွင်၊ ဦးမြင့်သန်း၊ ဦးညီမိုး၊ ဦးမျိုးဝင်းထွန်း၊ ဦးထွန်းညို၊ ဦးစိုင်းလှအောင်၊ ဦးသာဦးနှင့် ဦးရွှေအုံးတို့က ကြိုးကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ထို့အပြင် ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီသည် ရှမ်းပြည်တွင် ဖွဲ့ရုံသာမက ကျန်ပြည်နယ် ခြောက်ပြည်နယ်တွင်လည်း အတိုင်ပင်ခံကောင်စီ တစ်ခုစီဖွဲ့စည်းရေး၊ ကျန်တိုင်းအားလုံး (လက်ရှိအတိုင်းခုနစ်တိုင်း) အတွက် အတိုင်ပင်ခံအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရေးတို့ကိုလည်း ဆက်လက်ဆောင်ရွက်ရန် ရည်မှန်းချက်ချထားသည်ဟု သိရကြောင်း၊ ယင်းအစည်းအဝေးပြီးနောက် ညပိုင်းတွင် ညစာစားပွဲကို တောင်ကြီးမြို့ 'စိန်တောင်တန်း' စားသောက်ဆိုင်၌ SSA အဖွဲ့က အကုန်အကျခံ ပြုလုပ်ပေးခဲ့ကြောင်း၊ ညစာစားပွဲတွင် ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီ၏ ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် သဘောထားထုတ်ပြန်ကြေညာချက်၊ ရှမ်းပြည်မျိုးဆက်သစ်လူငယ်ကျောင်းသားများ၏ သဘောထားကြေညာချက်နှင့် မျိုးဆက်သစ်(ရှမ်းပြည်)အဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်များကို ဖြန့်ဝေခဲ့သည်ဟုလည်းသိရကြောင်း၊ ထိုကြေညာချက်များကိုလည်း သတင်းစာဆရာကြီးများ ကြည့်ရှုနိုင်ရန်ဘုတ်၌ ကပ်ထားပါကြောင်း။

ရေးသားတိုက်တွန်းထား

ယင်းဘုတ်၌ ကပ်ထားသည့် မျိုးဆက်သစ်ရှမ်းပြည်ဆိုသည့် အဖွဲ့၏ သဘောထားထုတ်ပြန်ချက်သည် "ရှမ်းပြည်၏ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်အတွက် ပထမခြေလှမ်းကို စတင်လိုက်ခြင်းဖြစ်တယ်"ဟုလည်းကောင်း၊ "ရှမ်းပြည်နယ်အတွင်းမှာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စုအားလုံး တက်ညီလက်ညီ တစ်သွေးတစ်သံတည်း အားဖြည့်ပါဝင် ဆောင်ရွက်ကြရန်"ဟူ၍လည်းကောင်း ရေးသားတိုက်တွန်းထားသည်ကို တွေ့ရပါကြောင်း။

ယခုမိမိရှင်းလင်းပြောကြားခဲ့သည့် SSA၊ SSNA၊ SURA၊ SNLD နှင့် ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီဆိုသည့် အဖွဲ့များ၏ ပေါင်းစပ်ဖွဲ့စည်းမှု၊ ရည်ရွယ်ချက်၊ သဘောထားထုတ်ပြန်မှုနှင့် လုပ်ဆောင်မှုများကို ကြည့်လျှင် ပြည်ထောင်စုကို ပြည်ထောင်စုစစ်စစ်မှုဖြင့် ထူထောင်ရန်ဆိုသည့် အချက်ကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်သည်ကိုတွေ့ရကြောင်း၊ ပြည်ထောင်စုစစ်စစ်မှုဆိုသည်မှာလည်း ပြည်နယ်ရှစ်ပြည်နယ်ကို အခြေခံဖွဲ့စည်းမည့် ပြည်ထောင်စုကို ရည်ညွှန်းခြင်းဖြစ်ကြောင်း၊ ရှစ်ပြည်နယ်ဆိုရာတွင်လည်း လက်ရှိတည်ရှိနေသော ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

ပြည်သစ်ညွန့်ဝေကို အိုင်အယ်လ်အိုအစည်းအဝေးတက်ရောက်ခွင့်ပြုခြင်းသည် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားကို အသိအမှတ်ပြုရာရောက်

စာမျက်နှာ ၁၂ မှ

ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့က ပြည်နယ်ခုနစ်ပြည်နယ်အဖြစ်လည်းကောင်း၊ လက်ရှိတည်ရှိသော တိုင်းခုနစ်တိုင်းကို ပူးပေါင်းပြီး ဗမာပြည်နယ် တစ်ပြည်နယ်အဖြစ်လည်းကောင်း ပူပေါင်းပြီး စုစုပေါင်း ရှစ်ပြည်နယ်ဖွဲ့ရန် ဆိုလိုခြင်းဖြစ်ပါကြောင်း၊ အခုလို ပြည်ထောင်စုစစ်စစ်ဟု ပြောဆိုဆောင်ရွက်မှုများသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးထင်ယောင်ထင်မှားဖြစ်အောင်၊ အမှတ်တမဲ့နားထောင်ပါက ဟုတ်နိုးနိုးထင်ရအောင် စကားလုံးလှလှဖြင့် တန်ဆာဆင်ပြောဆိုခြင်းသာဖြစ်ကြောင်း၊ တကယ့်နောက်ကွယ်မှ ရည်မှန်းချက်ကတော့ "ပြည်ထောင်စုစစ်စစ်"ဆိုသည့်စကားကို အရေခြုံဗန်းပြပြီး မည်ကာမတ္တ ပြည်ထောင်စုကိုထူထောင်ကာ တစ်ချိန်ချိန်တွင် ပြည်ထောင်စုမှခွဲထွက်လျက် သီးခြားနိုင်ငံ ထူထောင်ရန်သာဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

အထက်ပါအဖွဲ့အစည်းများ၏ ယင်းသို့ဆောင်ရွက်ချက်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင်၊ ဆူဆူပူပူဖြစ်အောင် လှုံ့ဆော်ရာရောက်သည့်အပြင် အင်မတန်အန္တရာယ်ကြီးမားသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားရေး၊ ပြည်ထောင်စုပြိုကွဲရေးတို့ကို ဦးတည်စေသည့် လုပ်ရပ်များဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရသည် စတင်တာဝန်ယူစဉ်ကတည်းက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို မူဝါဒအဖြစ်ခံယူကျင့်သုံးပြီး နိုင်ငံတော်ကိုတည်ဆောက်လျက်ရှိပါကြောင်း၊ တစ်ဖက်ကလည်း ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ပါတီစုံဒီမိုကရေစီစနစ် အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ပျက်စီးအောင် ဆောင်ရွက်မှုမှန်သမျှ၊ မူဝါဒလမ်းစဉ်(၇)ရပ်ပျက်ပြားအောင် ဆောင်ရွက်မှုမှန်သမျှတို့ကို ထိရောက်စွာ ဟန့်တားခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ကြောင့်လည်း ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီကို ဦးစီးဦးဆောင်ဖွဲ့စည်းထူထောင်ခဲ့ကြသည့် မျိုးဆက်သစ်ရှမ်းပြည်မှ အဖွဲ့ဝင် လေးဦး၊ ဦးဆေးထင် တစ်ဦး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်(SNLD) မှအဖွဲ့ဝင်နှစ်ဦးတို့ကို ၈–၂–၂၀၀၅ရက်နေ့တွင်လည်းကောင်း၊ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်(SNLD)မှ ဥက္ကဋ္ဌဦးခွန်ထွန်းဦးနှင့် အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်တို့ကို ၉–၂–၂၀၀၅ရက်နေ့တွင်လည်းကောင်း အရေးယူထိန်းသိမ်းခဲ့ရခြင်းဖြစ်သည်ဟု အသိပေးပြောကြားလိုပါကြောင်း၊ အခိကပါဝင်ခဲ့သည့် ဦးရွှေအုန်းကိုလည်း အကျယ်ချုပ်နှင့် ထိန်းသိမ်းထားကြောင်း ပြောကြားလိုပါကြောင်း။

အရေးယူရန်မရှိ

တစ်ဆက်တည်း ရှင်းလင်းပြောကြားလိုသည်မှာ ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီအဖွဲ့၏ အစည်းအဝေးများတွင် ပါဝင်ခဲ့ကြသည့် ကျန်ပုဂ္ဂိုလ်များ၊ အဖွဲ့များမှာ ၎င်းအဖွဲ့၏ရည်ရွယ်ချက်ကို ကြိုတင်သိရှိပြီး တက်ရောက်ခဲ့ကြခြင်းမဟုတ်ဘဲ ဖိတ်ကြား၍သာ ဘာရယ်မသိဘဲ တက်ခဲ့ကြတာဖြစ်ခြင်း၊ အစည်းအဝေးတွင်လည်း တစ်စုံတစ်ရာပါဝင်ဆွေးနွေးခြင်း၊ လက်တွေ့ပါဝင်ဆောင်ရွက်ခြင်းများမရှိသည့်အတွက် တစ်စုံတစ်ရာအရေးယူရန် မရှိကြောင်း ပြောကြားလိုပါကြောင်း။

ဆက်လက်ပြီး ILO နှင့် ပတ်သက်၍ အနည်းငယ်ဖြည့်စွက်ရှင်းလင်းလိုပါကြောင်း။

အလုပ်သမားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွန့်ရှင်းလင်းခဲ့သည့်အတိုင်း နိုင်ငံတော်အစိုးရသည် မှန်ကန်မှုနှင့် စိတ်ရင်းစေတနာကောင်းကိုအရင်းခံပြီး ILO ကိစ္စများတွင် ILO နှင့်အစွမ်းကုန် ပူးပေါင်းဆောင်ရွက်ခဲ့သည်ကို တွေ့ကြရမှာဖြစ်ပါကြောင်း။

၁၉၉၁ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ လွတ်လပ်သော အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် (International Confederation of Free Trade Unions-ICFTU)မှ အလုပ်သမားကိုယ်စားလှယ် ၂၅ဦးက မြန်မာနိုင်ငံသည် ILO ပြဋ္ဌာန်းချက်အမှတ်(၂၉)ကို လိုက်နာကျင့်သုံးရန် ပျက်ကွက်လျက်ရှိကြောင်း၊ သို့ပါ၍ ILO ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအပိုဒ်(၂၄)အရ အရေးယူပေးပါရန် ILO အဖွဲ့ထံ တိုင်ကြားခဲ့ကြောင်း။

ဤကိစ္စနှင့်ပတ်သက်ပြီး ပကတိအခြေအနေမှန်များကို နိုင်ငံတကာအဖွဲ့အစည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ILO ထံ ပြန်ကြားခဲ့ပါကြောင်း၊ သို့သော်လည်း ICFTU က ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအပိုဒ်(၂၄)အရ မြန်မာနိုင်ငံကို အရေးယူပေးရန် ILO ထံ ၁၉၉၃ခုနှစ်မှာ ထပ်မံတိုင်ကြားခဲ့ပြန်ကြောင်း၊ ထို့ကြောင့် ဤတိုင်ကြားချက်များ မှန်ကန်မှုမရှိကြောင်းနှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များကို သိနိုင်အောင်လည်း ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်း၊ သက်သေထွက်ဆိုချက်အထောက်အထားများဖြင့် ILO ထံ ထပ်မံရှင်းလင်းပြန်ကြားခဲ့ပါကြောင်း။

ကော်မရှင်ဖွဲ့စည်းစစ်ဆေး

သို့ရာတွင် ICFTU ကိုယ်စားပြု ဗြိတိန်နိုင်ငံ အလုပ်သမားကိုယ်စားလှယ် ဝီလျံဘရက်နှင့်အခြားကိုယ်စားလှယ် ၂၄ဦးတို့က မြန်မာနိုင်ငံကို အလုပ်သမားကိစ္စထက် နိုင်ငံရေးအရဖိအားပေးရန် ရည်ရွယ်ပြီး "မြန်မာနိုင်ငံအတွင်း အဓမ္မလုပ်အားပေးစေခိုင်းမှုများ ထပ်မံဖြစ်ပွားနေကြောင်း၊ သို့ပါ၍ ILO ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအပိုဒ်(၂၆)အရ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းအရေးယူပေးရန်လိုကြောင်း"ဟူ၍ ထပ်မံတိုင်ကြားခဲ့ပြန်ကြောင်း၊ ဤကိစ္စနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံက အကျိုးအကြောင်းနှင့်ရှင်းလင်းပြန်ကြားခဲ့ပါကြောင်း၊ သို့သော်လည်း မိမိတို့၏ရှင်းလင်းပြန်ကြားချက်ကို လျစ်လျူရှုပြီး ၁၉၉၇ ခုနှစ်တွင် ILO က စုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းစစ်ဆေးစေခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံအတွင်းတွင် အဓမ္မအလုပ်စေခိုင်းမှုများ လုံးဝမရှိစေလိုသည့် နိုင်ငံရေးသန္နိဋ္ဌာန်နှင့် စေတနာအရ ၁၉၀၇ခုနှစ်မြို့များအက်ဥပဒေနှင့် ၁၉၀၇ခုနှစ် ကျေးရွာအက်ဥပဒေတို့မှာ ပါရှိသည့် ပြဋ္ဌာန်းချက်အချို့ကို ကျင့်သုံးခြင်းမပြုရန်ညွှန်ကြားသည့် ညွှန်ကြားချက်ကို ၁၄–၅–၁၉၉၉ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း၊ ဤဆောင်ရွက်ချက်များသည် ILO က ဖွဲ့စည်းသည့် စုံစမ်းရေးကော်မရှင်က စုံစမ်းစစ်ဆေးအဆိုပြုခဲ့သည့် အဆိုပြုချက်များနှင့်လည်း အနှစ်သာရအားဖြင့် တူညီနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရက စိတ်ရင်းစေတနာကောင်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း ILO က အသိအမှတ်မပြုဘဲ ဆက်ကာဆက်ကာ ဖိအားပေးမှုများသာ ပြုလုပ်ခဲ့ပါကြောင်း။

ယခုနောက်ဆုံး ILO က ၎င်း၏အထူးအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ကို မြန်မာနိုင်ငံသို့စေလွှတ်လိုကြောင်း အဆိုပြုခဲ့သည့်အတွက် လာရောက်မှုကို ကြိုဆိုခဲ့ပါကြောင်း၊ ၎င်းအဖွဲ့ကို တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် သက်ဆိုင်ရာဝန်ကြီးများက လက်ခံတွေ့ဆုံမှာဖြစ်ကြောင်း ပြန်ကြားခဲ့ပါကြောင်း၊ လာရောက်ရေးအတွက် Tentative Programme များ ညှိနှိုင်းရေးဆွဲရာတွင်လည်း အထက်ပါပုဂ္ဂိုလ်များအပြင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကပါ လက်ခံတွေ့ဆုံရန် သဘောတူလိုက်လျောပေးခဲ့ပါကြောင်း၊ ထို့အပြင် ၎င်း ILO၏ အထူးအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လာရောက်သည့်အခါမှာလည်း နိုင်ငံခြားရေးဝန်ကြီးနှင့် အလုပ်သမားဝန်ကြီးတို့က လက်ခံတွေ့ဆုံရုံသာမက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော် ဝန်ကြီးချုပ်ကပင်လျှင် လက်ခံတွေ့ဆုံ ဆွေးနွေးခဲ့ပါကြောင်း။

လုပ်ကြံသတင်းအခြေခံ

ဤဖြစ်စဉ်အပေါ် မှန်မှန်ကန်ကန် ပြန်လည်သုံးသပ်ကြည့်လျှင် ILO သည် မြန်မာနိုင်ငံ၏အခြေအနေမှန်၊ ဆောင်ရွက်မှုအမှန်၊ သတင်းမှန်များနှင့် ၅၄သန်းသော ပြည်သူများနှင့် ပြည်သူအများကို ကိုယ်စားပြုပြီး ဆောင်ရွက်နေကြသည့် ပြည်တွင်းရှိ

ဒို့တာဝန်အရေးသုံးပါးကို

ပျက်စီးအောင် ဆောင်ရွက်မှုမှန်သမျှ

မူဝါဒလမ်းစဉ်(၇)ရပ်

ပျက်ပြားအောင် ဆောင်ရွက်မှုမှန်သမျှ

ထိရောက်စွာ ဟန့်တားအရေးယူခဲ့

NGO အဖွဲ့များ၏ ဆန္ဒသဘောထားမှန်၊ ဆောင် ရွက်ချက်မှန်များကို အခြေမခံဘဲ လက်တစ်ဆုပ်စာပြည်ပြေးများ၊ နယ်စပ်ဒေသရှိ သောင်းကျန်းသူများ အပါအဝင် FTUBထံမှ မမှန်မကန် လုပ်ကြံသတင်းများကိုသာ အခြေခံနေတာဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ FTUB ကို မောင်မောင်(ခေါ်) ပြည်သစ်ညွန့်ဝေက ဦးစီးဖွဲ့ထားတာဖြစ်ကြောင်း၊ FTUB ကို ဖွဲ့စည်းနိုင်စေရန်နှင့် ICFTU နှင့် ဆက်သွယ်မှုရစေရန် ဗန်ကောက်မြို့တွင် ရုံးစိုက်ထားသည့် Asian American Free Labour Institute အဖွဲ့မှ အမေရိကန်နိုင်ငံသား John Osolink Jr. ဆိုသူက ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအချက်ကို ကြည့်ခြင်းအားဖြင့် ဘယ်ယုန်မြင်လို့ ဘယ်ချုံထွင်တယ် ဆိုသည်ကို တွေ့မြင်နိုင်မှာဖြစ်ပါကြောင်း။

မောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေ သည် NLDဗဟိုအလုပ်အမှုဆောင် ဦးညွန့်ဝေ၏သားဖြစ်ပြီး ၁၉၈၈ခုနှစ် ဩဂုတ်လတွင် မြန်မာ့ကျောက်မျက်ရတနာကော်ပိုရေးရှင်း သံတမန်ကုန်တိုက် ရတနာအရောင်းဆိုင်မန်နေဂျာလုပ်နေစဉ် ရတနာများပျောက်ဆုံးမှုနှင့်အရေးယူခံခဲ့ရသည့် အကျင့်ပျက်ဝန်ထမ်းတစ်ဦးဖြစ်ကြောင်း၊ ၁၉၈၉ခုနှစ်တွင် ဝရမ်းပြေးအဖြစ်နှင့် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ပြီး နိုင်ငံရေးအရေခြုံထားသူဖြစ်ကြောင်း။

မောင်မောင်သည် တစ်ဖက်နိုင်ငံ၌ ပြည်ပြေးများဖွဲ့ထားသည့် ဒီမိုကရေစီညီညွတ်ရေးတပ်ပေါင်းစု(ဒညတ)ကိုဝင်ရောက်ပြီး အကြမ်းဖက် အဖျက်လုပ်ရပ်များကို ဆက်တိုက်ကျူးလွန်ခဲ့သူလည်းဖြစ်ကြောင်း၊ မောင်မောင်သည် ဒညတ အတွင်းရေးမှူး သန်းလွင်နှင့်ပူးတွဲပြီး မြန်မာနိုင်ငံ ခေါင်းဆောင်များကို လုပ်ကြံရန်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများနှင့် အချက်အချာနေရာများကို ဖောက်ခွဲဖျက်ဆီးရန် ၁၉၉၇ခုနှစ် ဇွန်လတွင် မျိုးအောင်သန့်နှင့် ခင်ကျော်ဆိုသူနှစ်ဦးကို ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများနှင့်အတူ မြန်မာနိုင်ငံတွင်းစေလွှတ်ခဲ့ကြောင်း၊ မျိုးအောင်သန့်နှင့် ခင်ကျော်တို့ကို ဖမ်းဆီးရမိပြီး တရားရုံးရှေ့မှောက် စစ်ဆေးရာတွင် ထိုဖောက်ခွဲရေးအစီအမံများကို မောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေက အဓိကစီမံညွှန်ကြားဆောင်ရွက်ခြင်းဖြစ်သည်ဟု ထွက်ဆိုခဲ့ကြောင်း၊ ထို့ကြောင့် တရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂(၂) နှင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ(၅၁၂)အရ စစ်ဆေးစီရင်ပြီး ၁၅–၈–၉၇ရက်နေ့တွင် မောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေကို တရားခံပြေးအဖြစ် အတည်ပြုကြေညာခဲ့ကြောင်း။

အကြမ်းဖက်သမားဖြစ်

အလားတူပင် ၂၀၀၃ခုနှစ် ဇူလိုင်လအတွင်း သက်ဆိုင်ရာက ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့် နိုင်ယက္ခ အပါအဝင်

စိုင်းထွန်းအား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

ကိုးဦးကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတွင် တရားစွဲဆိုခဲ့ကြောင်း၊ ထိုအဖွဲ့တွင် ပါဝင်သည့် ရွှေမန်း(ခေါ်)ဇေယျာဦးနှင့် နိုင်မင်းကြည်(ခေါ်)မင်းကြည်တို့က ၎င်းတို့ဖောက်ခွဲဖျက်ဆီးရေးလုပ်ရန် မောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေက ငွေကြေးထောက်ပံ့စေခိုင်းခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့ကြကြောင်း၊ ထို့ကြောင့် မောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေသည် အမှန်တွင်တရားခံပြေးသောင်းကျန်းသူ၊ ဖောက်ခွဲဖျက်ဆီးရေး အကြမ်းဖက်သမားသာဖြစ်သည်မှာ ပေါ်လွင်နေကြောင်း။

ထိုကဲ့သို့ တရားခံပြေး၊ မြန်မာနိုင်ငံကိုဆန့်ကျင်ပြီး အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်နေသူ ဦးစီးသော FTUB ထံမှ ဖြန့်သည့်၊ ပေးပို့သည့် သတင်းများသည်လည်း မြန်မာနိုင်ငံအပေါ် မမှန်မကန်၊ လုပ်ကြံဝါဒဖြန့်သည့်သတင်းများမှအပ အခြားသတင်းမဖြစ်နိုင်ဘူးဆိုသည်မှာ ယုတ္တိဗေဒအရ ထင်ရှားနေကြောင်း၊ အလားတူ နိုင်ငံတော်ကိုဆန့်ကျင်ပြီး ပြည်ပထွက်ပြေးနေသည့် လက်တစ်ဆုပ်စာ ပြည်ပြေးများ၊ နယ်စပ်တစ်လျှောက်အခြေပြုသောင်းကျန်းနေသည့် လက်တစ်ဆုပ်စာ သောင်းကျန်းသူများထံမှ ရသည့်၊ ပေးသည့်သတင်းများသည်လည်း မည်သို့မျှ သတင်းမှန်၊ အခြေအနေမှန်များ မဖြစ်နိုင်ဘူးဆိုသည်မှာ ထင်ရှားကြောင်း။

သတင်းမှန်ကိုသာလက်ခံ

နိုင်ငံတော်၏ဆောင်ရွက်ချက်အမှန်၊ တကယ့်အခြေအနေမှန်၊ သတင်းမှန်များကို ၅၄သန်းသော ပြည်သူများအတွင်း၌ ရှာဖွေကြည့်နိုင်ကြောင်း၊ ပြည်သူအများကို ကိုယ်စားပြုပြီး အများအကျိုးဆောင်ရွက်နေကြသည့် ပြည်တွင်းရှိ NGO အဖွဲ့အစည်းများအတွင်း၌ ဆောင်ရွက်ချက်အမှန်၊ အခြေအနေမှန်နှင့် သတင်းမှန်များရှိနေကြောင်း၊ ထို့ကြောင့် ILO အနေဖြင့် ၅၄သန်းသော ပြည်သူများနှင့် ပြည်သူအများကို ကိုယ်စားပြုနေသည့် ပြည်တွင်း NGO များထံမှ အခြေအနေမှန်၊ သတင်းမှန်များကိုသာ လက်ခံစဉ်းစားသင့်သည်ဟု တိုက်တွန်းလိုပါကြောင်း။

ထို့အပြင် မြန်မာနိုင်ငံ၏ တရားခံပြေးတစ်ဦးဖြစ်သည့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးတိုက်ခိုက်ရေး ဆောင်ရွက်နေသော အကြမ်းဖက်သမား (Terrorist)တစ်ဦးဖြစ်သည့် မောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေကို ILOက ၎င်း၏ ILOအစည်းအဝေးများသို့ တက်ရောက်ခွင့်ပြုနေခြင်းသည် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားကို အသိအမှတ်ပြုရာ ရောက်နေသည့်သဘောတွေ့ရပါကြောင်း ဖြည့်စွက်ရှင်းလင်း ပြောကြားသွားသည်။

ထို့နောက် သတင်းစာဆရာများ၏မေးမြန်းချက်များကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့

စာမျက်နှာ ၁၄ ကော်လံ ၁ သို့

အလှူငွေပေးအပ်ပွဲအခမ်းအနား ဖိတ်ကြားခြင်း

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တတိယအကြိမ် အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကြွရောက်နိုင်ပါရန် အလှူရှင်များအား ဖိတ်ကြားအပ်ပါသည်။

နေ့ရက် – ၂၁-၃-၂၀၀၅ရက်(တနင်္လာနေ့)

အချိန် – ၁၅း၀၀နာရီ

နေရာ – စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၊ ရွှေတိဂုံဘုရားလမ်း။

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ

ဖုန်း–၀၃၁–၂၅၁၇၈၊ ၀၃၁–၂၅၄၆၉၊ ၀၉–၈၀–၂၅၉၁၈။

အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မတ် ၁၅

အိုင်တီ ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း(MCPA)က ကြီးမှူး၍“ Open Source and Myanmar (From a Real World Perspective)” အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၉ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park ၌ ကျင်းပမည်ဖြစ်ရာ MCPAမှ အလုပ်အမှုဆောင် ဦးဝေလင်းကျော် (MWD CO., Ltd.)က ဦးဆောင် ဆွေးနွေးမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း ဖုန်း–၆၅၂၂၇၆ သို့ ဆက်သွယ်နိုင်သည်။ **(သတင်းစဉ်)**

သတင်းစာရှင်းလင်းပွဲ(၂/၂၀၀၅) ရှင်းလင်းပြောကြားချက်များ ဆက်လက်ဖော်ပြသွားမည်

ရန်ကုန် မတ် ၁၅

ယနေ့ကျင်းပသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၂/၂၀၀၅)၌ ကုလသမဂ္ဂအစီရင်ခံစာတွင် ကလေးစစ်သားများ အသုံးပြုသော နိုင်ငံများ၌ မြန်မာနိုင်ငံလည်း ပါဝင်သည်ဟူသော ဖော်ပြမှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ မသမာသောနည်းဖြင့် အသုံးပြုရန် မိုက္ကရိုစာအုပ်ငယ်များပြုလုပ်ရောင်းချနေသူများအား ဖော်ထုတ် ဖမ်းဆီးအရေးယူခဲ့မှုများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားခဲ့ရာ အဆိုပါ ရှင်းလင်းပြောကြားချက်များနှင့် သတင်းစာဆရာကြီးများ၏ မေးမြန်းချက်များအပေါ် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၏ ပြန်လည်ရှင်းလင်းဖြေကြားချက်များကို ဆက်လက် ဖော်ပြသွားမည်ဖြစ်သည်။ **(က–ပ)**

တပ်မတော်နေ့ဂုဏ်ပြု စုပေါင်းသန့်ရှင်း၊ သွေးလှူဒါန်း

ရန်ကုန် မတ် ၁၅

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တာချီလိတ်ခရိုင်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲနှင့် သွေးလှူဒါန်းပွဲအခမ်းအနားကို မတ်၁၂ရက် နံနက်ပိုင်းက တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ပြုလုပ်သည်။ **(ပြန်/ဆက်)**

ဘရူနိုင်းဘုရင့်ဖလား(ယူ-၂၁) ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်နှင့် ဘရူနိုင်းလူငယ် ယနေ့ယှဉ်ပြိုင်မည်

ရန်ကုန် မတ် ၁၅

၂၀၀၅ ခုနှစ် ဒုတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလား အသက် (၂၁) နှစ်အောက် လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ ကျင်းပလျက်ရှိရာ မတ်၁၆ရက် (ယနေ့) မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာလူငယ်အသင်းနှင့် အိမ်ရှင်ဘရူနိုင်းလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အုပ်စု (ခ)တွင် ကမ္ဘောဒီးယားလူငယ်အသင်းပြိုင်ပွဲနှီးမှနုတ်ထွက်သွား၍ လေးသင်းသာ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စု(ခ) ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာတွင် မြန်မာလူငယ်အသင်းက စင်ကာပူလူငယ်အသင်းကိုခြောက်ဂိုး–ဂိုးမရှိ၊ ဘရူနိုင်းလူငယ်အသင်းက လာအိုလူငယ်အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ လာအိုလူငယ်အသင်းက စင်ကာပူလူငယ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အသီးသီးအနိုင်ရရှိထားကြသည်။

အုပ်စု(ခ)တွင် မြန်မာအသင်းက တစ်ပွဲကစား တစ်ပွဲနိုင်(၃) မှတ်၊ လာအိုအသင်းက နှစ်ပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး (၃) မှတ်၊ ဘရူနိုင်းအသင်းကတစ်ပွဲနိုင် (၃)မှတ်ရရှိထားသည်။ မြန်မာ၊ လာအိုနှင့် ဘရူနိုင်းတို့ (၃)မှတ်စီတူညီနေသော်လည်း ဂိုးကွာခြားချက်အရ မြန်မာလူငယ်အသင်းက အုပ်စုထိပ်ဆုံး၌ရပ်တည်လျက်ရှိသည်။ စင်ကာပူ လူငယ်အသင်းက နှစ်ပွဲကစား၊ နှစ်ပွဲရှုံး အမှတ်မရဘဲ အုပ်စုတက်ရန် မျှော်လင့်ချက်နည်းသွားပြီဖြစ်သည်။

မြန်မာနှင့် ဘရူနိုင်းတို့သည် ဒေသတွင်းဘောလုံးပြိုင်ပွဲများ၌ဆုံတွေ့ခဲ့ကြရာ မြန်မာအသင်းကသာ အနိုင်ရရှိခဲ့သည်ကိုတွေ့ရသည်။ ယခု ပြိုင်ပွဲ၌မူ ဘရူနိုင်းလူငယ်အသင်းက အိမ်ရှင်အသင်းဖြစ်သကဲ့သို့ ပွဲဦးထွက်၌ လာအိုလူငယ်အသင်းကို အနိုင်ရရှိထားရာ စိတ်အားတက်ကြွလျက်ရှိသည်။ ဘရူနိုင်းလက်ရွေးစင်အသင်းသည် (၅) ကြိမ်မြောက် အာဆီယံ တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းမရှိပေ။ ဘရူနိုင်းလူငယ်အသင်းကို ယခုပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးအတွက် အထူးကြိုတင်ပြင်ဆင်ထားကြောင်း သိရသည်။ မြန်မာလူငယ်အသင်း အနေဖြင့် အစဉ်အလာအရ အနိုင်ရရှိရန် မခက်ခဲသော်လည်း အုပ်စု ပထမနေရာအတွက် သတိထားကစားရမည့်အနေအထားဖြစ်ကြောင်း ဖော်ပြရေးသားလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

အုပ်စု(ခ) ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
မြန်မာ	၁	၁	–	–	၆	–	၃
ဘရူနိုင်း	၁	၁	–	–	၁	–	၃
လာအို	၂	၁	–	၁	၁	၁	၃
စင်ကာပူ	၂	–	–	၂	–	၇	၀

စာမျက်နှာ ၁၃ မှ

ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီတို့က ပြန်လည်ရှင်းလင်းဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို ညနေ ၅ နာရီ ၁၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းဓာတ်ပုံများကြည့်ရှု

ယင်းနောက် သတင်းစာဆရာများသည် ILO အထူးအဆင့်မြင့်အဖွဲ့၏ သတင်းထုတ်ပြန်ချက်ပါ တောင်းဆိုချက်စာရွက်စာတမ်းများ၊ ILO အထူးအဆင့်မြင့်အဖွဲ့၏ သတင်းထုတ်ပြန်ချက်ပါ တောင်းဆိုချက်လေးချက်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်လျက်ရှိသည့် ပကတိအခြေအနေမှန်များ၊ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းတင်ဓာတ်ပုံများ၊ မူးယစ်ဆေးဝါးပပျောက်ရေး၁၅နှစ် စီမံကိန်း၏ ပထမငါးနှစ် ဘဏ္ဍာငွေသုံးစွဲမှု၊ ဖမ်းဆီးမူးယစ်ဆေးဝါးများမီးရှို့ဖျက်ဆီးခဲ့မှု၊ ၁၉၇၅ခုနှစ်မှ ၁၉၉၈ခုနှစ်အတွင်း မြန်မာ့တပ်မတော်က ဘိန်းချေမှုန်းရေး စစ်ဆင်ရေးများတွင် ကျဆုံးဒဏ်ရာရရှိမှု မှတ်တမ်းစာရင်းဇယားများ၊ ထိုင်းနိုင်ငံ ရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့ ပြန်ကြားရေးဌာနက ထုတ်ပြန်သော သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၄/၂၀၀၅)၊ Bangkok Postသတင်းစာတွင် ဖော်ပြထားသော မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုသတင်းနှင့် ရှမ်းပြည်နယ် ပြန်လည်တည်ဆောက်ရေးကောင်စီ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ကြေညာချက်အမှတ်စဉ် (၂/၅–၂၀၀၅) စာရွက်စာတမ်းများ၊ ရှမ်းပြည်နယ်ငြိမ်းချမ်းရေးကောင်စီ၊ ရှမ်းပြည်နယ်ပြန်လည်ရရှိရေးကောင်စီနှင့် ရှမ်းပြည်နယ် ပူးပေါင်းဆောင်ရွက်ကော်မတီများ၏ ဖွဲ့စည်းပုံဇယားများနှင့် မှတ်တမ်းဓာတ်ပုံများ၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး နှိမ်နင်းရေးအဖွဲ့က မြန်မာနိုင်ငံနယ်စပ်အနီး တစ်ဖက်နိုင်ငံ မယ်ဟောင်ဆောင်ခရိုင် ပန်မာဖမြို့နယ်အတွင်း SURA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိသူ (ရွက်ဆစ်၏ စိတ်အချရဆုံးလူယုံ) စိုင်းထွန်း(ခ)နိုင်ထွန်း ဝိဝပ်ရန်အရန်ကို ဘိန်းဖြူ ၈၂ကီလို ဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ စိုင်းထွန်း(ခ)နိုင်ထွန်း ဝိဝပ်ရန်အရန်ကို ရွက်ဆစ်နှင့်အတူ တွေ့ရစဉ် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

စိုင်းထွန်း(ဝဲ)အား SURA ယူနီဖောင်းဖြင့် တွေ့ရစဉ်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ ခုနှစ်တပေါင်းလဆန်း ၇ ရက်
(ဥပုသ်နေ့)
၁၆–၃–၂၀၀၅(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှု အက
၈း၁၀ ၆။ အဆိုပြိုင်ပွဲ
၈း၂၀ ၇။ ဖြူးချောင်းတံတား
၈း၃၀ ၈။ International News
၈း၄၅ ၉။ Let's Go
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading.
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၆း၅၅ ၅။ တပ်မတော်နေ့ ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၄ ခုနှစ်)
၁၇း၁၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇း၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၄၀ ၈။ သီးချင်းကြီးပဒေသာ
၁၇း၅၅ ၉။ မြန်မာစာ၊ မြန်မာစကား
၁၈း၁၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၈း၂၅ ၁၁။ Discovery
၁၈း၃၀ ၁၂။ ညနေခင်းသတင်း
၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၄။ တေးဂီတအစီအစဉ်
၁၉း၂၀ ၁၅။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၁၉း၃၅ ၁၆။ နှစ်(၆၀) ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၄၅ ၁၇။ အမျိုးသား ညီလာခံဂုဏ်ပြုတေး
၂၀း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုတိုင်းရင်းသား ရိုးရာပဒေသာကပွဲ
၂၂။ **မမှောင်သောအလင်း (အပိုင်း–၁၃) “မျှော်လင့်ခြင်းဖြင့် ပြန်လည်မွေးဖွားလာသော”** ဖိုးသောကြာ၊ မေသဥ္ဇာဦး၊ ချိုပြုံး၊ပွင့်နဒီမောင်၊သူသူဟံသာ၊ ဒေါ်အေးမြင့်၊ခင်စိုးပိုင်၊ ထွန်းထွန်းဝင်း၊ စိုင်းအောင်တင့်၊ ဖြိုးငွေစိုး (ဒါရိုက်တာ–သက်တင်)
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

ချိန်ခါမဟုတ် မိုးရွာမည်

ရန်ကုန် မတ် ၁၅

အနောက်ဘက်မှ ရွေ့လျားလာသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့နံနက်မှ နောက် ၄၈ နာရီအတွင်း တစ်ပြည်လုံးတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး အချို့နေရာများတွင် ခေတ္တမျှ လေပြင်းများတိုက်ခတ်နိုင်သည်။ လေပြင်းကျစဉ် မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ (က–ပ)

ကျေးလက်ပြည်သူများသောက်သုံးရေဖူလုံရေး အလှူရှင်စက်ရေတွင်းသစ် တောင်တွင်းကြီး၌ဖွင့်

တောင်တွင်းကြီး မတ် ၁

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်အတွင်းရှိ ကျေးလက်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးအတွက် အလှူရှင် ဒေါ်အုန်းယဉ်နှင့် ဒေါ်တင်လှိုင်တို့က လှူဒါန်းသည့် ငမင်ကျေးရွာအလှူရှင်စက်ရေတွင်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ရက်က အဆိုပါစက်ရေတွင်း မုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် ငမင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးမြကောင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါစက်ရေတွင်းအား အလှူရှင်ကလှူဒါန်းငွေကျပ်၅၀၀၀၀၀နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ထည့်ဝင်ငွေကျပ် ၃၀၀၀၀၀ဖြင့် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

လက်ပံတန်းမြို့နယ်ပြည်တော်အေးရွာ ရသသုခမ္မ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မတ် ၂ ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဒေါ်စန်းရီနှင့် ကျေးရွာဥက္ကဋ္ဌ ဦးခင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်များဖွင့် ရည်ရွယ်ချက်နှင့် စာပေကျေးဇူးကြီးမားပုံဟောပြော

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၈

မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းခြံကုန်းကျေးရွာအုပ်စု ညှပ်ကြီးတန်းကျေးရွာ ဒို့ခေတ်ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ရက် မွန်းလွဲ ၂နာရီက ဦးထိန်ဝင်းနေအိမ်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင် (မော်ကျွန်းမြင့်အောင်)နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကျော်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ဝဲပုံ)

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်မှူး ဒေါ်နော်မာဂရက်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်(၂)ဦးမြင့်အောင်(မော်ကျွန်းမြင့်အောင်)က စာပေကျေးဇူးကြီးမားပုံကိုလည်းကောင်းဟောပြောကြသည်။

ကျင်းပ

အလားတူ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲများကို ကွမ်းခြံကုန်းကျေးရွာအုပ်စုအတွင်းရှိ ကွမ်းခြံကုန်း၊ ကျွန်းသစ်၊ ကျောင်းစု၊ ရွှေဘိုစု၊ မဲဇလီနှင့် သရက်ချောင်းကျေးရွာများတွင် ကျင်းပခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

လားရှိုးမြို့နယ်၌ ကျေးရွာစာကြည့်တိုက်ဖွင့်

လားရှိုး မတ် ၃

လားရှိုးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ လားရှိုးမြို့နယ် မန်ဆန်ရေကျ ကျေးရွာအုပ်စုရှိ ဝန်ထမ်းများ အပန်းဖြေရိပ်သာတွင် ပညာ့အလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ရက် နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းနှင့် မန်ဆန်ရေကျ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရည်ရွယ်ချက်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လက်ခံရယူ

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွေမိုးအေးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး သုတ၊ ရသစာအုပ်မျိုးစုံ၂၀၀ကို ပေးအပ်လှူဒါန်းရာ မန်ဆန်ရေကျကျေးရွာအုပ်စုဥက္ကဋ္ဌက လက်ခံရယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

ဖေဖော်ဝါရီ ၈ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကျောက်တော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ဦးမြဝါလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးသန်းဦးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အလင်းရောင်စာကြည့်တိုက်ဖွင့်၊ အလှူငွေနှင့် စာအုပ်များပေးအပ်လှူဒါန်း

ဘိုကလေး မတ် ၅

ဘိုကလေးမြို့နယ် မဂူကျေးရွာအုပ်စု ဓမ္မရက္ခိတကျေးရွာ ကိုယ့်အားကိုယ်ကိုး အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက်က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ စာကြည့်တိုက်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဦးခင်စော၊ ကျေးရွာ ဥက္ကဋ္ဌဦးငြိမ်းမောင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးယုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ အလှူငွေနှင့်စာအုပ်များပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အလှူငွေကျပ် ၅၀၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးယုက ငွေကျပ် ၆၀၀၀၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၃၀၀၀၊ ဦးစိုးမြင့်နှင့် ဇနီး ဒေါ်စန်းမြင့်တို့က ငွေကျပ် ၁၀၀၀၀၊ အမှတ်(၆) အနောက်ကျေးရွာမှ ရာအိမ်မှူးနှင့်အဖွဲ့က ငွေကျပ် ၁၀၀၀၀၊ မြို့မရဲစခန်းမှ ဦးစိုးလှိုင်က ငွေကျပ် ၁၀၀၀၀၊ ဒေးဒရဲ ရဲစခန်းမှ တပ်ကြပ်ကြီး အောင်ဘက ငွေကျပ် ၁၀၀၀၀နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ် ၁၀၄ အား ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့

ရေနုတ်မြောင်းတူးဖော်

ပင်လောင်း ဖေဖော်ဝါရီ ၂၈

ပင်လောင်းမြို့နယ် ပင်လောင်းကြီး-မင်းဘူး ကျေးလက်ကျောက်ချောလမ်းဘေး ဝဲယာတစ်လျှောက်တွင် ရေနုတ်မြောင်းအရှည်ပေ ၁၀၀၀ တူးဖော်ခြင်းကို ကျေးရွာပြည်သူများနှင့်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၇ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးစောလှဦးနှင့် အမှုဆောင်အရာရှိ ဦးကျော်စိုးတို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်းသိရသည်။

(နယ်စပ်/စည်ပင်)

မြို့တွင်းလမ်းများပြုပြင်

ထန်းတပင် မတ် ၂

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည်မြို့တွင်းလမ်းများကို အစဉ်ကောင်းမွန်စေရန် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၁ရက်က ဆရာစံလမ်းရှိ လမ်းပေါက်များကို တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်မင်းထွန်းနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက လမ်းများပြုပြင်ဖာထေးခြင်းလုပ်ငန်းကို ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးသန်းဇော်က ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။**(အပေါ်ပုံ)(မြို့နယ်စည်ပင်)**

တောင်ငူမြို့နယ် ထုံးဘိုကြီး ကျေးရွာမှ ရေတာရှည်မြို့နယ် ရေနီမြို့အထိ စစ်တောင်းမြစ် အရှေ့ဘက်ခြမ်း ဖွံ့ဖြိုးရေး အတွက် ကျေးလက် မြေ သားလမ်း အ ကျယ်ပေ ၃၀ ဖောက်လုပ်ရာသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲမြင့် ကွင်းဆင်းစစ်ဆေးရာ တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

တီးတိန်မြို့တွင်းလမ်းများရေစီးကောင်းမွန်ရေး မြောင်းကပ်တုံးများဆောင်ရွက်

တီးတိန် မတ် ၁

တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တီးတိန်မြို့သာယာလှပစေရန် အရှိန်အဟုန်မြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြို့တွင်းလမ်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေး ရေမြောင်းနှင့် ကပ်တုံးများကို ဖေဖော်ဝါရီ ၂၁ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့် ကြီးကြပ်မှုဖြင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာများက ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော လမ်းဘေးရေမြောင်း အရှည် ၂၅၇၈ပေနှင့် လမ်းဘေးကပ်တုံးအရှည်ပေ ၉၄၀အား ခွင့်ပြုငွေကျပ် ၆၆၀၂၅၀၀ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)



ရဲကျင့်ဝတ်ရေးဖြေ စာမေးပွဲဖြေဆို

ကျောက်ပန်းတောင်း မတ် ၁၀

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့၏ ရဲကျင့်ဝတ်ရေးဖြေ စာမေးပွဲဖြေဆိုပွဲကို မတ် ၅ ရက်မှ ၆ရက်အထိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမတွင် ကျင်းပသည်။

ကြီးကြပ်စစ်ဆေး

အဆိုပါရဲကျင့်ဝတ်ရေးဖြေစာမေးပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲတပ်ဖွဲ့စခန်း၊ ပုပ္ပားရဲတပ်ဖွဲ့စခန်း၊ လက်ပံပြားရဲတပ်ဖွဲ့စခန်း၊ ပွေးကျစ်ရဲတပ်ဖွဲ့ စခန်းများမှ တပ်ဖွဲ့ဝင် အရာရှိ၊ အရာခံအကြပ်တပ်သား၁၆၅ဦး ဖြေဆိုကြရာ စာမေးပွဲကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသောင်းဝင်း၊ ဒုတိယမြို့နယ်မှူးရဲအုပ်မြင့်အောင်နှင့် အရာရှိများက ကြီးကြပ်စစ်ဆေးကြကြောင်းသိရသည်။ **(ဝ၆၁)**

အင်္ဂမနုစ်အမျိုးသား ပတ်ဝန်းကျင် ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဖေဖော်ဝါရီ ၂၆ရက်က မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးမြင့်လွင်၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ရေစုကန်၊ ရေစက်ရုံများနှင့် ဈေးများသန့်ရှင်းရေးတို့ကို ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

ပြည်မြို့မဟာရွှေမြင့်မိုရ်ရဲ့ စူဠာမဏိဓာတ်ပေါင်းစုစေတီ ဗုဒ္ဓါဘိသေကအနေကဇာတင်၊ ဆွမ်းဆန်စိမ်းလောင်းလှူ

ပြည် မတ် ၅

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ မဟာရွှေမြင့်မိုရ်စူဠာမဏိ ဓာတ်ပေါင်းစု စေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို မတ်၁ရက်က စေတီတော်ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

ဆွမ်းဆန်လောင်းလှူ

ရှေးဦးစွာ နံနက် ၆ နာရီခွဲတွင် မဟာရွှေမြင့်မိုရ်စူဠာမဏိဓာတ်ပေါင်းစု စေတီတော်မြတ်ကြီးအား တိုက်အုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒ ကြီးမှူး၍ ဗုဒ္ဓါဘိသေကအနေကဇာ တင်တော်မူကြသည်။

ထို့နောက် နံနက်၈နာရီတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပရာ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိဇ္ဇာဗလ ကမ္ဘာ့ရွှေရင်အေး ဆရာ ဦးဆောင်၍ ဆရာတော်၊ သံဃာတော်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်း၊ဇနီး ဒေါ်နိုင်နိုင်မော်နှင့် တိုင်း၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊တပည့်ဒါယကာဒါယိကာမများက ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

ရွတ်ပွားချီးမြှင့်

အခမ်းအနားကို ဓမ္မစကြာ ဓမ္မာရုံ၌ ဆက်လက်ကျင်းပရာ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိဇ္ဇာဗလ ကမ္ဘာ့ရွှေရင်အေး ဆရာတော်ထံမှ တပည့်ဒါယကာ ဒါယိကာမတို့ကငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။ ထို့နောက် ကမ္ဘာ့ရွှေရင်အေး ဆရာတော်ကြီးက သာဓုအနုမောဒနာ တရားဟောကြားတော်မူကာလှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ **(၄၀၃)**

အမြို့မြို့အနယ်နယ်သတင်းများ

ပျဉ်းမနားမြို့ ဗိုလ်လကျာ်လမ်း အမှတ်(၁၈၃)မှ ပိုင်ရှင် ဒေါ်သန္တာအေးက အလှူငွေကျပ် တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက် သုဒဿနလမ်း၁၆/၂ရပ်ကွက် သဃ်န်းကျွန်း မြို့နယ်ရှိ နာရေးကူညီမှု အသင်းသို့ လှူဒါန်းရာ ဥက္ကဋ္ဌ ဦးအေးသန့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(က-ပ)

ကျေးလက်အရောက်အခမဲ့ကွင်းဆင်းဆေးကုသ

ဘားအံ မတ် ၁

ကရင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ကြီးကြပ်မှုဖြင့် ဘားအံခရိုင်မှ တိုင်းရင်းဆေးမှူး ဦးအောင်တိုး ဦးဆောင်သော ခရိုင်နှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနမှဝန်ထမ်းများသည် ဖေဖော်ဝါရီ၁၈ရက်က ဘားအံမြို့နယ်တရပ်လှကျေးရွာအုပ်စု ကော့ကျိုက်ကျေးရွာအနီး ပတ်ဝန်းကျင်ကျေးရွာများမှ ကျေးလက်ပြည်သူ ၉၅ဦးတို့အား တိုင်းရင်းဆေးဖြင့် အခမဲ့ ကွင်းဆင်းဆေးကုသပေးခြင်း၊ ဒေသပေါက် ဆေးဖက်ဝင်အပင်များ အသုံးပြုပုံနှင့် ရာသီအလိုက် ပြုမူနေထိုင်သင့်ပုံတို့ကို ကျန်းမာရေးပညာပေး ဟောပြောကြကြောင်း သိရသည်။

(အောက်ပုံ) (ခရိုင် ပြန်/ဆက်)

ဟုမ္မလင်းမြို့နယ်တွင် ကျေးရွာစက်ရေတွင်းဖွင့်

ဟုမ္မလင်း မတ် ၂

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ဇီးပင်သာကျေးရွာစက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ၁ရက်က ဇီးပင်သာကျေးရွာ စက်ရေတွင်းရှေ့မှခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် စက်ရေတွင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် စက်ရေတွင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသာမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရောက်ရှိ

အဆိုပါ စက်ရေတွင်း၊ရေကန်နှင့် ရေစက်ရုံတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၃၅၀၀၀၀နှင့် ဇီးပင်သာကျေးရွာ ပြည်သူများက ငွေကျပ် ၁၄၂၀၀၀တို့ဖြင့် စုပေါင်းဆောင်ရွက်ခဲ့ရာ စက်ရေတွင်းမှာ တစ်နာရီလျှင် ရေဂါလန် ၂၀၀၀ထွက်ရှိကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ရမည်းသင်းမြို့နယ် ကမ္မကျေးရွာအုပ်စု သစ္စေး အထက်တန်းကျောင်းခွဲသို့သင်ကြားမှု၊သင်ယူမှု အထောက်အကူပြုပစ္စည်းများနှင့် မီးစက်များ ပေးအပ် လှူဒါန်းပွဲကို မတ် ၃ရက်က အဆိုပါ ကျောင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမြဒွေး၊အဖွဲ့ဝင်(၂)ဦးသန့်ဇင်တို့က ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိလေးထံလွှဲပြောင်းပေးအပ်လှူဒါန်းစဉ်။(ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ

၁၇-၃-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ရွာလွတ်ဆေးတံနှင့် ဘောပင်ထုတ်လုပ်ပုံများ)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁) ဆရာတပည့် ဆက်ဆံရေး

လမ်းစဉ်(မြတ်ဆုပန်ချစ်သီရိ) (၂) ဘဏ်လုပ်ငန်းနှင့် ငွေရေး

ကြေးရေးဝေါဟာရအဘိဓာန် (ဦးသိန်းခိုင် AWB)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (ပင့်ကူမျှင်အိမ်ဖွဲ့ခြင်း-မောင်ဆုရှင်)

၁၂း၃၀ အစာနှင့် အာဟာရ(မောင်မခေါ်ပဲ)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇း၁၅ သုတရေးရာဖြေကြားလွှာ

၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (ပေးဆပ်သူတို့၏စိတ်ဓာတ်များ)



မတ်လမိသားစုအတွက် မွေးနေ့ဆုတောင်း

၁၆–၃–၁၉၄၉ ဇနီး ဒေါ်ခင်မာချို
၁၅–၃–၂၀၀၂ သမီးမြေး မေသူညို
၁၈–၃–၁၉၇၄ သားကြီး ကျော်သီဟ

၁၆–၃–၂၀၀၅ရက်နေ့တွင် ကျရောက်သော ဇနီး ဒေါ်ခင်မာချို၏ **(၅၆)နှစ်မြောက် မွေးနေ့**
၁၅–၃–၂၀၀၅ရက်နေ့တွင် ကျရောက်သော သမီးမြေး မေသူညို၏ **(၃)နှစ်မြောက် မွေးနေ့**
၁၈–၃–၂၀၀၅ရက်နေ့တွင် ကျရောက်သော သားကြီးကျော်သီဟ၏ **(၃၁)နှစ်မြောက်မွေးနေ့** များမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် မိသားစုတစ်စု ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ပြီး အမျိုး၊ သာသနာပြု လုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်ဆောင်ရွက်နိုင်ပါစေရန် ဆုမွန်တောင်းလိုက်ပါသည်။

ဦးကျော်သိန်း
ကျော်သူရသိန်း၊ ချောတင်ဇာညို၊ ကျော်သုတ
Pavo Trading Pte., Ltd., Singapore

ငွေရတုမင်္ဂလာဆုတောင်း

ဖေဖေဦးသစ်လွင် (AGM ပရိုဂျက်ဌာန၊ လယ်ယာ/ထွက်ကုန်)နှင့် မေမေဒေါ်ခင်မာအေး (ကထိက၊ ငြိမ်း၊ ရန်ကုန်တက္ကသိုလ်)တို့၏ ၁၆–၃–၂၀၀၅ ရက်တွင်ကျရောက်သော ငွေရတုမင်္ဂလာမှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး ချစ်သောမိသားစုနှင့်အတူ ဘဝခရီးလမ်းကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေဟု ဆုတောင်းအပ်ပါသည်။

သားကြီး မင်းဦးလွင် – (Dip. in Mechatronic Ngee Ann Polytechnic Singapore) Celestica Electronic Pte., Ltd.
သမီး ခင်ပန်းနုလွင် – Final Part (1) IM (1)
သားငယ် မောင်အောင်ဖြိုးလွင် – 1st year IM (1)

ကျောင်းအမည်ပြောင်း

ဗဟန်းမြို့နယ်၊ ကြားတောရရပ်ကွက်၊ ရေတာရှည်လမ်းဟောင်း၊ **အနောက်ဘင်္ဂလားတိုက်နိဗ္ဗာန်ကျောင်း**အား **အေးငြိမ်းချမ်းသာ ဓမ္မရိပ်သာကျောင်း**အမည်သို့ ပြောင်းလဲလိုက်ပါသည်။

အမည်ပြောင်း

မြစ်ကြီးနားမြို့ အထက(၁) သတ္တမတန်း(A)မှ ဦးစံဝင်း၏သမီး မဆိုင်းမော့မ်အား ယနေ့မှ စ၍ မရတနာဦးဟု ခေါ်ပါရန်။

မရတနာဦး။

နယ်များမှဘက်ထရီအိုးဟောင်းများရသ၍ ဝယ်ယူရန်အတွက် ပေးသွင်းနိုင်သည့် ကိုယ်စားလှယ်လုပ်လိုသူများဆက်သွယ်ပါ။

ဖုန်း–၀၉ ၆၉–၂၂၀၂၅၊ ၇၀၁၇၂၀

အများသိစေရန်

တောင်ကြီးမြို့ လ/၁၀၂ ဗိုလ်ချုပ်လမ်းနေ ကျွန်တော်ဦးခွန်ထွန်းဟန်ပိုင် ၅က/၃၄၄၁ တိုယိုတာ ကိုရိုလာကားအား အမည်ပေါက်ပိုင်ဆိုင်ပါသဖြင့် လွှဲပြောင်း၊ ပေါင်နှံ၊ ရောင်းချ၊ ငှားရမ်းခြင်းမပြုလုပ်ရန် တားမြစ်ပါသည်။ လိုက်နာခြင်းမရှိပါက တရားဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးခွန်ထွန်းဟန် ၁၃/တကန(နိုင်)၀၁၀၉၇၄။

အမြန်ရောင်းမည်

ပြုလုပ်ဆဲရေခဲချောင်း ရေခဲမုန့်စက်ရောင်းရန်ရှိသည်။

ဆက်သွယ်ရန်– Ph: 09500' 8529

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မမ/၇၈၈၄ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်(ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း ကညန(တိုင်းရုံး) မြိတ်၊ တနင်္သာရီတိုင်းသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ (တိုင်းရုံး) မြိတ်မြို့၊ တနင်္သာရီတိုင်း။**

ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ်အမှတ်ယ/၉၃၅၈၈ ယာဉ်လက်ဝယ်ရှိသူက မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်(ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြစ်ကြီးနား)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြစ်ကြီးနား)။

ပြည်တွင်းဖြစ်အဝတ်အထည်များ ဝတ်စားဆင်ယင်မှုနှင့် ကာယအလှမယ်ပြိုင်ပွဲအခမ်းအနား ဓနုဖြူမြို့တွင်ကျင်းပ

ဓနုဖြူ မတ် ၁

ဓနုဖြူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ပြည်တွင်းဖြစ်အဝတ်အထည်များ ဝတ်စားဆင်ယင်မှုနှင့် ကာယ အလှမယ်ပြိုင်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲများတွင် မြို့ပေါ် ၁၈ရပ်ကွက်နှင့် တိုက်နယ်ခုနစ်ခုတို့မှ ကာယအလှမယ် ကိုးဦး၊ ဖက်ရှင်မယ် ၁၅ဦး စုစုပေါင်း ၂၄ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ကာယအလှမယ် ပြိုင်ပွဲတွင် စံကင်းတိုက်နယ်မှ ပထမ၊ ကျုံတနီးတိုက်နယ်မှ ဒုတိယ၊ ၇ရပ်ကွက် မှ တတိယ၊ ပြည်တွင်းဖြစ်အဝတ်အထည်များဝတ်စားဆင်ယင်မှုပြိုင်ပွဲတွင် ၅ရပ်ကွက်မှ ပထမ၊ ၄ရပ်ကွက်မှ ဒုတိယ၊ ၆ရပ်ကွက်မှ တတိယရရှိကြရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်လှလှစိန်နှင့်အဖွဲ့က ဆုများ ပေးအပ် ချီးမြှင့်ကြသည်။**(ဝဲပုံ) (၀၈၅)**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာအနီးဘော ချောင်း ထိပ်၌ ငါးမျိုး စိုက်ထည့်ပွဲကို မတ်၇ရက်က ကျင်းပရာ ငါးခုံးမ ကောင်ရေ ငါးသောင်းကျော်အားခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး အောင်ပြည့်၊ မြို့နယ်ဥက္ကဋ္ဌဦးတင်ဌေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ငါးမျိုးစိုက်ထည့်ပေးကြစဉ်။(ခရိုင် ပြန်/ဆက်)

ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က လေယာဉ်ကွင်းအဝင်လမ်းတွင် ပန်းအလှပင်၊ အရိပ်ရသစ်ပင်များ စိုက်ပျိုးထားရှိမှုကို မတ်၁ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမွန် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မြင့်၊ ဦးစီး အရာရှိ ဦးလှသိန်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးလှကြည်တို့က ရှင်းလင်း ပြသကြစဉ်။ (ခရိုင် ပြန်/ဆက်)

ဒလမြို့နယ်မြို့မ (၄) ရပ်ကွက်ရှိ အထက (၁) တွင် ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် မိဘဆရာအသင်းနှစ် ပတ် လည် အခမ်း အနားကို မတ် ၈ ရက်က ကျောင်း အစည်းအဝေး ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမြင့်အောင်က သုံးဘာသာဂုဏ်ထူးရှင်မမေချိုဇာဝင့်အား ထူးချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။ (က–ပ)

ဖျာပုံမြို့၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ဖျာပုံ မတ် ၃

ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် အင်ဂျင်နီယာမှူးဦးဇော်ထွန်း၊ ခရိုင်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အသင်းဝင်များသည် ဖေဖော်ဝါရီ၁၇ရက်က ဖျာပုံမြို့ပေါ်လမ်းမကြီးများအနက် ၅လမ်း လမ်းမကြီးတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးအတွက် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်သိန်းခိုင်နှင့်အဖွဲ့ ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(၁၅၈)**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မတ် ၁၄ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖြူးမြို့အနီးရှိ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို စီမံကိန်းရှင်းလင်းဆောင်အနီးရှိ ရှုရပ်မှ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ရှေ့ဖုံး)(သတင်းစဉ်)

မြန်မာနိုင်ငံ၌ ၎င်းတို့ဩဇာခံ ရုပ်သေးအစိုးရတင်နိုင်ရေးနှင့် လက်ရှိအစိုးရအပေါ် ဖိအားပေးနိုင်ရေး အင်အားကြီးနိုင်ငံများက အိုင်အယ်လ်အိုစင်မြင့်ကို နိုင်ငံရေးစင်မြင့်အဖြစ် အသုံးချ

အိုင်အယ်လ်အို၏ မြန်မာနိုင်ငံအပေါ်အရေးယူမှုများ ကုလပဋိညာဉ်စာတမ်း အပိုဒ်(၂)ကိုလျစ်လျူရှုရာရောက်

ရှမ်းပြည်ပညာရှင်များအတိုင်ပင်ခံကောင်စီတွင် ဦးဆေးထင်၊ ဦးခွန်ထွန်းဦး၊ ဦးစိုင်းညွန့်လွင်တို့ကြိုးကိုင်နေ ပြည်ထောင်စုစစ်စစ်ဆိုသည့် စကားကိုဗန်းပြပြီး တစ်ချိန်ချိန်တွင် ပြည်ထောင်စုမှခွဲထွက်ရန်ဖြစ် ပြည်ထောင်စုမပြိုကွဲရေးအတွက် ရှမ်းပြည်ပညာရှင်များအတိုင်ပင်ခံကောင်စီ ဦးစီးဦးဆောင်သူများကို အရေးယူခဲ့

ရန်ကုန် မတ် ၁၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)က တစ်ဖက်သတ် စွပ်စွဲဖိအားပေးနေမှုများ၊ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ချက်များ၊ ရွက်ဆစ်ခေါင်းဆောင်သည့် SURA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရှမ်းပြည်လွတ်မြောက်ရေး ဟူသည့် မျက်နှာဖုံးစွပ်ပြီး နောက်ကွယ်၌ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုများနှင့် အခြား ဆက်စပ်ပတ်သက်နေမှုများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ(၂/၂၀၀၅)ကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျိုဒိုသတင်းဌာနမှ ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ၊ အတွင်းရေးမှူး ဦးညွန့်တင်နှင့် အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်းတိုက်များနှင့် ဂျာနယ်တိုက်များမှ စာတည်းအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၆ ကော်လံ ၁** ■